ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၇၁) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၇၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၆.၂၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၇၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အစည်းအဝေး။ ဦးမြအုန်း၊ ကချင်(၈)၊ ကျန်းမာရေး။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ဆေးရုံတက်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကျန်းမာရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ဥပဒေကြမ်းကော်မတီအစည်းအဝေးပဲ ဖြစ်ပါတယ်။ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကျန်းမာရေး။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေးဆေးစစ်။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ကျန်းမာရေးဆေးစစ်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ လယ်ယာမြေ ကော်မရှင်ကိစ္စ။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁) ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီမဟုတ်ဘဲ အရက်လိုင်စင် ချထားပေးခြင်းကို မည်သို့ဆောင်ရွက်ခဲ့သည်၊ မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီမဟုတ်ဘဲ အရက်လိုင်စင်ချထားပေးခြင်းကို မည်သို့ဆောင်ရွက် ခဲ့သည်၊ မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအားအမှူးထား၍ ပြည်ထောင်စု အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များကို ကျွန်တော် လေးစားစွာ ဂါရဝပြုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးမြန်းခွင့်ရတဲ့ မေးခွန်းကတော့ ပြည်ထဲရေး ဝန်ကြီးဌာနက ကိုင်တွယ်ကျင့်သုံးတဲ့ ယစ်မျိုးလိုင်စင်ချထားပေးတဲ့ ကိစ္စနဲ့ ပတ်သက်ပါတယ်။

ကျွန်တော်နဲ့ တည့်တည့်ပြောရရင် ကျွန်တော် အရက်လုပ်ငန်းနဲ့လည်းကောင်း၊ အရက်နဲ့ မပတ်သက်ပေမယ့် ကျွန်တော်နဲ့ပတ်သက်နေတဲ့ မဲဆန္ဒရှင်ပြည်သူများနဲ့ပတ်သက်တဲ့ ပြည်သူများဘက် က တိုင်ကြားစာလေးတစ်စောင် ရရှိပါတယ်။ တိုင်ကြားစာဟာ ကျွန်တော်နဲ့ တိုက်ရိုက် မသက်ဆိုင် တဲ့အတွက် သက်ဆိုင်ရာ တိုင်ကြားစာကော်မတီကိုလည်း ကျွန်တော်လွှဲပေးပြီးဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ် တစ်ယောက်အနေနဲ့တော့ ကျွန်တော်ဟာ မေးခွန်းမေးခွင့်ရှိတဲ့အတွက် မေးခွန်းလေး မေးမြန်း ရခြင်းဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးအား တင်ပြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းရဲ့ မူရင်းမေးခွန်းအမှန်ကတော့ ပြည်သူ့လွှတ်တော် တွင် လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်အရ အရက်လိုင်စင် စီချထားခြင်းကို နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီသာလျှင် လိုင်စင်ချထားပေးလျက်ရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက လာရောက် ရှင်းလင်းဖြေကြားပြီး (၁)လအတွင်းမှာပင် အဆိုပါဖြေကြားချက် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီမဟုတ်ဘဲ အရက်လိုင်စင်ချထားပေးခြင်းကိုမည်သို့ဆောင်ရွက်ခဲ့သည်၊ မည်သို့အရေးယူ ဆောင်ရွက် ပေးမည်ကို သိရှိလိုခြင်းအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်လို့ ပါ ပါတယ်။

ဆိုလိုတာက ကျွန်တော်တို့ ဒီလွှတ်တော်ထဲမှာ ပြည်သူ့လွှတ်တော်မှာ မေးခွန်းလေးရှိ ခဲ့ပါ တယ်။ ကျွန်တော် ဒါနဲ့ ပတ်သက်ပြီး အားလုံးရှင်းလင်းစွာသိအောင် ကျွန်တော် Slide နဲ့ ရှင်းပြခွင့်ပြုပါ။ Power Slide နဲ့ ရှင်းမှာဖြစ်ပါတယ်။ Slide 1 ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ ဧရာဝတီတိုင်းအတွင်းမှာ ဧရာဝတီတိုင်းလည်း အခြားတိုင်းနဲ့ ပြည်နယ်တွေလိုပါပဲခင်ဗျား။ ဒါ ယမကာလိုင်စင်တွေရှိပါတယ်။ ယမကာလိုင်စင် အမျိုးအစားအားဖြင့် (၃)မျိုးရှိပါတယ်။ D1 ဆိုတာကတော့ Distribute ဖြစ်ပါတယ်။ အရက်ချက်ခွင့် ပေါင်းခံချက်လုပ်ခွင့်ဖြစ်တဲ့ လိုင်စင် ဖြစ်ပါတယ်။ မြို့နယ် (၁၁)ခုမှာ (၁၁)ခု ရှိနေပါတယ် လိုင်စင်။လက်ရှိ ရှိနေပါတယ်၊ စက်ရုံကြီး(၁၁)ရုံရှိပါတယ်။

(၂)ကတော့ D1A ဖြစ်ပါတယ်။ ပုလင်းသွပ်လုပ်ငန်း လိုင်စင်ဖြစ်ပါတယ်။ ထုတ်လုပ်တဲ့ စက်ရုံပိုင်ရှင်ကိုပဲ ချပေးပါတယ်။ ဒါ D1 ရှိသူသာ D1လိုင်စင်ရတယ်။ မြင်ရမှာဆိုလို့ရှိရင် D1 လိုင်စင် ရှိတာတောင်မှ D1A လိုင်စင်က (၅)ခုပဲ ပေးထားပါတယ်။ ပုလင်းသွပ်ခွင့်က လူတိုင်းမရပါဘူး။ နောက် တစ်ခုကတော့ FL-6 လို့ခေါ်တဲ့ အရက်လက္ကား ဖြန့်ဖြူးခွင့်လိုင်စင်ဟာ အခု(၈၀)ရှိပါတယ်။ သူက ဘယ်သူဦးစားပေးလည်းဆိုရင် D1 စက်ရုံကို ပိုင်ရှင်ရှိရင် အဲဒီပိုင်ရှင်ကို ပေးရမယ်။ ထုတ်လုပ်တဲ့ ပုဂ္ဂိုလ် ဖြစ်တဲ့အတွက်ကြောင့် သူသည် အရက်ကို လက္ကား ရောင်းချခွင့် သူက ရပါတယ်။

အဲဒါနဲ့ ပတ်သက်လို့ (၂၆) မြို့နယ်အပေါင်း၊ ကျွန်တော်တို့ မြို့နယ်ခွဲတွေ ပြန်ပေါင်းလိုက်ရင် တောင်မှ(၃၀)ကျော်ပဲရှိတဲ့တိုင်းမှာ လိုင်စင်(၈၀)ရှိပါတယ်။ မလိုဘူးလို့ပြောတာပါ။ များတယ်လို့ ပြောတာ ပါ။ ဒါကြောင့် ကျွန်တော် အိမ်မှာ လိုင်စင်ရှိရတာဖြစ်ပါတယ်။ ဒါဖြစ်ရင် D1 လိုင်စင်ရှိမှ FL-6

ရှိတယ်ဆိုရင် D1 က(၁၁)မြို့နယ်မှာရှိတဲ့အတွက်ကြောင့် D1 မရှိရင် ဘယ်လိုပေးသလဲမေးရင် မြို့လူဦးရေကို ပြန်ကြည့်ပါတယ်။ သောက်သုံးနိုင်တဲ့အနေအထားပါ။

နောက် လက်ကားလိုင်စင် လက်လီဆိုင်တွေဘယ်လောက်ရှိလဲ၊ CS 1A၊ တို့ 2A တို့ ခေါ်တဲ့ လက်လီဆိုင်တွေ ဘယ်လောက် ရှိလဲဆိုတာ လူဦးရေအပေါ်မှာ ပြန်ကြည့်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ မူလလိုင်စင်စီတွေရဲ့ သဘောထား သူတို့နဲ့ သဘောထားရယူပြီးမှ ညှိနှိုင်းပြီးမှ ပေးပါတယ်။ ဆိုလိုတာကတော့ အရက်ဖြန့်ဖြူးမှု ဖောင်းပွမှာ စိုးတဲ့အတွက်ကြောင့် ထိန်းသိမ်းထားတဲ့ ယစ်မျိုးမူဝါဒကို ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

Slide 2 ဖြစ်ပါတယ်။ Slide 2ကတော့ ဒါ ယစ်မျိုးလိုင်စင်၊ ယစ်မျိုးဥပဒေတွေ၊ နည်းဥပဒေတွေ၊ ဒီယစ်မျိုးမူဝါဒတွေ လုပ်ထုံးလုပ်နည်းနဲ့အညီ လိုင်စင်လျှောက်မယ်ဆိုရင် ကျွန်တော်တို့ အဆင့်ဆင့်တင်ပြရတဲ့အချက်ပေါင်း(၉)ချက်ရှိပါတယ်။ (၁)ကတော့ ရပ်ကွက်/ကျေးရွာ ဒါ ထုံးစံပါပဲ။ သူတို့ရဲ့ ထောက်ခံချက်လိုပါတယ်။ နောက် အခြေခံရဲစခန်းရဲ့ ခွင့်ပြုချက်လိုပါတယ်။ အခြေခံပတ်ဝန်းကျင်ရဲ့ ထောက်ခံချက်၊ ပတ်ဝန်းကျင်က ကန့်ကွက်လို့ရပါတယ်။ အရက်ချက်စက်ရုံတည်တယ်။ နောက်ပြီးတော့ FL-6 လုပ်တယ်ဆိုရင် ကန့်ကွက်လို့ရပါတယ်။

နောက်တစ်ခုကတော့ အမျိုးအစားတူတဲ့ မူလလိုင်စင်စီရဲ့ သဘောထားတောင်းရပါတယ်။ ကန့်ကွက်လို့ရတယ်။ သူကလည်းအဲဒါရှိပါတယ်။ နောက်တစ်ခုက လိုင်စင်အမျိုးအစား လုပ်မယ့်လုပ်ငန်း အမျိုးအမည်နဲ့ တည်နေရာလိပ်စာအပြည့်အစုံဆိုတာ မြေစာရင်း မြေပုံပါတင်ရပါတယ်။ နောက်တစ်ချက်ကျမှ ကျွန်တော်တို့ လျှောက်ထားသူရဲ့ အမည်၊ မှတ်ပုံတင်၊ နိုင်ငံသားလက်မှတ်စသည်ဖြင့် ဒါတွေပါတဲ့ လျှောက်လွှာအပြည့်အစုံ တင်ရပါတယ်။ သတ်မှတ်ပုံစံနဲ့။ ပြီးရင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဖြစ်တဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံစာ၊ တစ်ဆင့်တက် ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံစာ၊ တစ်ဆင့်တက် တိုင်းအုပ်ချုပ်ရေးမှူး ညွှန်ကြားရေးမှူးရဲ့ထောက်ခံစာ အဆင့်ဆင့်ပါမှ အဲဒီလို အချက်ပေါင်း (၉)ချက် ပါတဲ့ လျှောက်လွှာနဲ့ တင်သွင်းရတာဖြစ်ပါကြောင်း ကျွန်တော် တင်ပြအပ်ပါတယ်။

ဒီလိုတင်ပြလို့ရှိရင် ချထားပေးတဲ့ FL-6 လိုင်စင်အပါအဝင် လိုင်စင်များသည် နှစ်ချင်းပေါက် (၁)နှစ်သက်တမ်းရှိတဲ့ လိုင်စင်သာ ဖြစ်ပါတယ်။ ရာသက်ပန်လိုင်စင်မဟုတ်ပါဘူး။ ဘဏ္ဍာနှစ်အတိုင်းပဲ ဘဏ္ဍာနှစ်ကုန်ရင် လိုင်စင်ကုန်ပါတယ်။ ဒါ Slide 3 ဖြစ်ပါတယ်။ Slide 3 ကတော့ ၁၉-၂-၂၀၁၅ နေ့က ပြည်သူ့လွှတ်တော်မှာ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးလာဖြေသွားတဲ့ အချက်ကလေး(၃)ချက် ပါဘဲ။ (၃)ချက်ကတော့ ပထမအချက်ကတော့ ကျွန်တော် ပြောသွားတဲ့အတိုင်း ဖြစ်ပါတယ်။ အချက်(၁)က အဆင့်ဆင့်လျှောက်ထားရတယ်ဆိုတဲ့အချက်ကို ပြည်ထဲရေး ဒုတိယဝန်ကြီး ဖြေသွားပါတယ်။

ဒုတိယအချက်က အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန မြန်မာနိုင်ငံယစ်မျိုး နည်းဥပဒေ ၄ မှာ လိုင်စင်အမျိုးအစားပေါင်း(၄၁)မျိုးပြဋ္ဌာန်းထားသော်လည်း နှစ်စဉ် ယစ်မျိုးလိုင်စင်အရ တစ်နှစ်ထက် တစ်နှစ် ယစ်မျိုးလိုင်စင် အရေအတွက်များကို လျှော့ချခွင့်ပြုလျက်ရှိပါကြောင်း ဆိုပြီးတော့ မူဝါဒကို ရှင်းပြသွားပါ တယ်။ ဒီမေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော် ဥက္ကဋ္ဌကြီးထံမှ မေးခွန်းတစ်ခု မေးထားပါတယ်။ အဲဒီတုန်းကလည်း စီး/ကူးနဲ့ ပတ်သက်တဲ့အတွက်ကြောင့် စီး/ကူးဝန်ကြီး ကိုယ်တိုင်လာဖြေသွားပါတယ်။ အရက်ဖောင်းပွမှု ဘယ်လိုထိန်းမလဲဆိုတာကို အရေးကြီးကုန်စည် သတ်မှတ်ပြီးတော့ အခွန်တိုးမြှင့် ကောက်ခံတဲ့နည်းနဲ့ ထိန်းမယ်လို့လည်း ဒီမှာ ဝန်ကြီးလာဖြေသွားတာလေးရှိပါတယ်။ ဆိုလိုတာကတော့

နိုင်ငံတော်အစိုးရက အရက်နဲ့ပတ်သက်ပြီးရတဲ့ အခွန်ကို တိုးမြှင့်ရချင်တဲ့ သဘောမရှိဘဲနဲ့ အရက် သောက်သုံးမှုကို ထိန်းချုပ်ချင်တဲ့သဘော ရှိတယ်ဆိုတာကို ဒါကို ကျွန်တော် ဆိုလိုရင်းဖြစ်ပါတယ်။

နောက် Slide ဖြစ်ပါတယ်ခင်ဗျား။ ဒါပေမဲ့ အဲဒီလို ဖြေကြားတာက ၁၉-၂-၂၀၁၅ ဆိုပေမယ့် နောက်လဖြစ်တဲ့ မတ်လ၊ ရက်တော့ ကျွန်တော် မမှတ်မိပါဘူး။ ၂၀၁၅ မတ်လအတွင်းမှာပဲ၊ MEC Myanmar Economic Co-operation ဒါ ကာကွယ်ရေးဝန်ကြီးဌာနမှာရှိတဲ့ စီးပွားရေးအဖွဲ့အစည်း ဖြစ်ပါတယ်။ ဒါကို လိုင်စင်သစ်ဖြစ်တဲ့ FL-6 ကို ပုသိမ်မြို့မှာ လိုင်စင်ရှိပြီးသား ဖြစ်ရဲ့သားနဲ့ D1-A လိုင်စင်ရှိပြီးသားဖြစ်ရဲ့သားနဲ့ ချထားပေးတဲ့အတွက်ကြောင့် ဒါဟာ လုပ်ထုံးလုပ်နည်းတော့ မညီဘူးဆိုတာ ကျွန်တော်တို့ ပေါ်လွင်ပါတယ်။ ဒီနေရာမှာလည်း Slide 2 နဲ့ Slide 3 ကို ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။ Slide 2 မှာ ဘယ်လိုအဆင့်ဆင့် လျှောက်ထားရတယ်။ Slide 3 မှာ ဘာတွေလိုတယ် ဆိုတာကို ပြောထားပြီး ဖြစ်ပါတယ်။ အဲဒီမှာလည်းပဲ ဒီလို အဆင့်တွေနဲ့အတူ လျှောက်ထားခြင်းရှိ/ မရှိဆိုတာ စောဒကတက် စရာမေးခွန်းတစ်ခုဖြစ်လာပါတယ်။

ဘာကြောင့်လည်းဆိုတော့ ဒီ MEC သည် ရပ်ကွက်ကျေးရွာအဆင့်ဆင့်တက်လာတဲ့ သဘော မရှိပါဘူး။ ရှင်းရှင်းပြောရရင် တိုင်းဒေသကြီးအစိုးရရဲ့ ထောက်ခံချက်လည်းမရှိဘူးလို့ ကျွန်တော်တို့ အတိအကျသိထားတဲ့ အတွက်ကြောင့် တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီနေရာမှာ ချထားပေးပုံနဲ့ လျှောက်ထားပုံနဲ့ ပတ်သက်လို့ စောဒကနဲ့ပတ်သက်တဲ့ ပြည်သူတွေက တင်လာခြင်း ဖြစ်ပါတယ်။ ပြည်သူများသည် အစိုးရနဲ့ ပတ်သက်ရင် တော်ရုံတန်ရုံ တိုင်လေ့မရှိပါဘူး။ သိပ်နစ်နာတဲ့ အတွက်ကြောင့် တိုင်ကြားခြင်းဖြစ်ပါတယ်။ ဒါဖြင့် ဘယ်လိုနစ်နာလည်းဆိုတဲ့ အချက်ကို ကျွန်တော် ဆက်ရှင်းပြပါမယ်။

Slide 5 ကတော့ သူက FL-6 ရဖို့အတွက် အခြေခံလိုအပ်ချက်က အရက်ချက်စက်ရုံရှိရမှာ ဖြစ်တဲ့အတွက်ကြောင့် D1 ကဦးစား ပေးပါတယ်။ D1 ရဖို့ဆိုရင်သူက (၁)က မြေလိုတာပေါ့။ အဲဒီမြို့မှာ အဆောက်အဦ တည်ရတယ်။ ရင်းနှီးမြှုပ်နှံရတယ်၊ မတည်ရင်းနှီးမှုဟာ သိန်း(၆)ထောင်အထက်ရှိတယ်။ နောက်ပြီးတော့ သူက အခွန်နှစ်တိုင်းဆောင်ရတယ်၊ နှစ်စဉ်အခွန်ပါ၊ အမြတ်ခွန်ရှိမယ်၊ ကုန်သွယ်လုပ်ငန်း ခွင်ရှိမယ်၊ ယစ်မျိုးခွန်ပေါင်းလိုက်ရင် သိန်း(၁၀၀)နည်းနည်းလေး ကျော်ပါတယ်။ လိုင်စင်ကြေးက D1, D1A, FL6 (၃)ခုပေါင်းမယ်ဆိုရင် သူက သိန်း(၅၀)ကျပါတယ်။ ဒါ နှစ်စဉ်ကျမှာ ဖြစ်ပါတယ်။ အဲဒီတော့ အရင်းအနှီးကြီးမားစွာ ရင်းနှီးမတည်ထားတဲ့ ပြည်သူ၊ နှစ်စဉ်မှန်မှန်အခွန်ဆောင်လာတဲ့ ပြည်သူက ဘယ်လောက်ကျပြီးတော့ MEC ကို ဒါရိုက် D1, D1A မရှိဘဲ FL-6 ပဲရရင် သူက FL-6 လိုင်စင်တစ်ခု တည်းက တစ်နှစ်(၁၅)သိန်းပဲ ကျပါတယ်။ ကုန်ကျမှုအနေနဲ့ ဟိုက အများကြီးကုန်ကျပေမယ့် သူက ဆိုင်ခန်း တစ်ခန်းနဲ့ ဝန်ထမ်းနှစ်ယောက်ရှိရင် ရပါတယ်။ ဒါကြောင့်မို့လို့ စီးပွားရေးအရ ဘယ်လိုမှ ယှဉ်ပြိုင်နိုင်စွမ်း မရှိပါဘူး။

ဒါကြောင့် ပြည်သူတွေက နစ်နာလာလို့ ဒီဟာ တိုင်ကြားလာခြင်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် ဒီမေးခွန်းကို မေးရန်တင်ပြရခြင်းဖြစ်တယ်လို့ ကျွန်တော်ရှင်းလင်းပြလိုပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်ဟာ ရှင်းလင်းတင်ပြပြီးတော့ (၁)လအတွင်းမှာပဲ လုပ်ထုံး လုပ်နည်းတွေ၊ မူဝါဒတွေ၊ သူတို့ရဲ့ အစီအစဉ်တွေနဲ့ မညီဘဲနဲ့ လိုင်စင်ချထားပေးခြင်းနဲ့ ပတ်သက်လို့

ဘယ်လိုဆောင်ရွက်ခဲ့တာကို အဲဒါကို ဘယ်လိုကုစားအရေးယူပေးမလဲဆိုတဲ့ အချက်ကလေးကို သိလိုတဲ့ ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးထံမှ မေးမြန်းပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖိတ်ကြားထားတဲ့ ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယခု ဧရာဝတီတိုင်း ဒေသကြီး အမှတ်(၆)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ ယစ်မျိုးစီမံခန့်ခွဲခြင်းလုပ်ငန်းကို ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊ ၁၉၁၇ ခုနှစ်၊ ယစ်မျိုးအက်ဥပဒေအရ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာ၊ ၁၉၂၈ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ၊ ၁၉၂၉ ခုနှစ်၊ ယစ်မျိုးညွှန်ကြားချက်၊ အမိန့်ဆင့်ဆိုချက်တို့ဖြင့် ကိုင်တွယ်ကျင့်သုံးလျက်ရှိပါတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ မှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား(၂)မှာ ပါဝင်တဲ့ ယစ်မျိုးခွန်နှင့် ပတ်သက်သော ဥပဒေအား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန်ပြဋ္ဌာန်းခွင့်ရှိသည်ဟု ဖော်ပြထားရှိပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံရမည့် အခွန်အခများနှင့် ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ကို ရည်ညွှန်းသည့် ဇယား ၅ မှာ ယစ်မျိုးခွန် ပါဝင်သည်ဖြစ်တဲ့အတွက်ကြောင့် မို့လို့ခေတ်ကာလ အခြေအနေနဲ့ ကိုက်ညီတဲ့ ယစ်မျိုးခွန်နှုန်းထားများကို တိုးမြှင့်ကောက်ခံလျက်ရှိပါတယ်။ ပြဋ္ဌာန်းထားရှိတဲ့ ယစ်မျိုးခွန်များ အပြည့်အဝကောက်ခံရရှိနိုင်စေရေးအတွက် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ယစ်မျိုးလိုင်စင်ခွန်များကို တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ ၄ မှာ လိုင်စင်အမျိုးအစားပေါင်း (၄၁)မျိုး ပြဋ္ဌာန်းထားသော်လည်းပဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အမျိုးအစားပေါင်း (၃၀)ကိုပဲ ခွင့်ပြု ချထားလုပ်ကိုင်လျက်ရှိပါတယ်။ နှစ်စဉ် ယစ်မျိုးအစီအစဉ်အရ ခွင့်ပြုချက်များအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အရေအတွက် (၄၁၃၀၃)ခုကို လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အရေအတွက် (၄၁၂၉၃)ခုကို လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အရေအတွက်

(၄၁၂၆၃)ခုကို လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အရေအတွက် (၄၁၂၁၀)ခုကို လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အရေအတွက် (၄၁၀၄၀) ခုကိုလည်းကောင်း၊ တစ်နှစ်ထက်တစ်နှစ် ယစ်မျိုးလိုင်စင်အရေအတွက်များကို လျှော့ချပြီးတော့ ခွင့်ပြုပေးလျက်ရှိပါတယ်။

နိုင်ငံတော်အနေနဲ့ အစိုးရသစ်တာဝန်ယူချိန်မှစ၍ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရာ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဟိုတယ်တွေမှာ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွား ဧည့်သည်တွေ ဝင်ထွက်မှုများပြားလာခြင်းကြောင့် ဟိုတယ်အင်္ဂါရပ်နှင့်အညီ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ယမကာကောင်တာများအတွက် ယစ်မျိုးလိုင်စင်ချထားပေးရန် လိုအပ်တဲ့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေ ဟိုတယ်(၇၅)လုံးကို FL-17 ယစ်မျိုးလိုင်စင် (၇၅)ခုကို နောက်ဆက်တွဲအနေနဲ့ ခွင့်ပြုချထားပေးခဲ့ပါတယ်။

ဒါ့အပြင် ဒဂုံအဖျော်ယမကာ ကုမ္ပဏီလီမိတက်က ထုတ်လုပ်တဲ့ ဘီယာနဲ့ ယမကာ(ရမ်၊ ဝီစကီ၊ ဂျင်)တွေကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ သယ်ဆောင် ဖြန့်ဖြူးရောင်းချနိုင်ရေးလျှောက်ထားချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက FL-8 ယစ်မျိုးလိုင်စင်(၇)ခုနှင့် FL-6 ယစ်မျိုးလိုင်စင်(၄)ခု စုစုပေါင်း(၁၁)ခုကို ခွင့်ပြုပေးခဲ့ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ ခွင့်ပြုချက်နဲ့ မြန်မာနိုင်ငံအတွင်းမှာ နိုင်ငံခြားဖက်စပ်လုပ်ကိုင်ခဲ့တဲ့ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်ရှိ ဘီယာစက်ရုံ(၂)ရုံအတွက် B-1 လိုင်စင်(၂)ခုနဲ့ ဖြန့်ဖြူးရန်အတွက် FL-8 ယစ်မျိုးလိုင်စင်(၁)ခု၊ စုစုပေါင်း(၃)ခုကို သက်ဆိုင်ရာ ကုမ္ပဏီများရဲ့ လျှောက်ထားချက်အရ ယစ်မျိုးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုချထားပေးခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်အပ်နှံတဲ့ ယစ်မျိုးလိုင်စင်(၂၅၉)ခုအနက်ကနေ ဟိုတယ်(၇၅)လုံးအတွက် FL-17 လိုင်စင်(၇၅)ခု၊ နိုင်ငံခြားအရက်လက်ကားရောင်းချခွင့် FL-6 လိုင်စင်(၄)ခု၊ ဘီယာ လက်ကားရောင်းချခွင့် FL-8 လိုင်စင်(၈)ခု၊ ဘီယာ စက်ရုံတည်ထောင်ချက်လုပ်ခွင့် B-1 လိုင်စင်(၂)ခု၊ စုစုပေါင်းလိုင်စင်(၈၉)ခုကို ၂၀၁၅ ခုနှစ်၊ မတ်လကနေ ဇွန်လအတွင်းမှာ ယစ်မျိုးအစီအစဥ်နဲ့ ခွင့်ပြုချထားပေးခဲ့ပါတယ်။ ချထားပေးခဲ့တဲ့ ဟိုတယ်(၇၅)လုံးအတွက် လိုင်စင်တွေဟာ ဟိုတယ်တွေရဲ့ သဘောသဘာဝအရ ယမကာဘားလိုအပ်တာဖြစ်တဲ့အတွက် ဟိုတယ်အတွင်းမှာ ရောင်းချရန်သာ ခွင့်ပြုပေးထားခြင်းဖြစ်ပါတယ်။

ဘီယာစက်ရုံလိုင်စင်(၂)ခုဟာလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်နေတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ချထားပေးခဲ့ခြင်းဖြစ်ပါတယ်။ ကျန် FL-6 လိုင်စင်(၄)ခုနဲ့ FL-8 လိုင်စင်(၈)ခုဟာ လက်ကားဖြန့်ဖြူးရောင်းချခွင့် လိုင်စင်များဖြစ်ပြီးတော့ လိုင်စင်ခွင့်ပြုတည်နေရာအတွက် အရက်၊ ဘီယာသောက်သုံးခွင့်မရှိတဲ့ လိုင်စင်များဖြစ်ပါတယ်။

အဲဒီလိုချထားပေးခဲ့တဲ့ လိုင်စင်တွေအနက် ဟိုတယ်(၇၅)လုံးအတွက် FL-17 လိုင်စင်တွေကို တနင်္သာရီတိုင်းဒေသကြီးမှတစ်ခု၊ မန္တလေးတိုင်းဒေသကြီးမှ (၂၁)ခု၊ ရခိုင်ပြည်နယ်တွင်(၁၁)ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင်(၃၃)ခု၊ ရှမ်းပြည်နယ်တွင်(၄)ခု၊ နေပြည်တော်တွင်(၅)ခုတို့အား ခွင့်ပြုခဲ့ပါတယ်။ FL-6 လိုင်စင်(၄)ခုကို မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ နေပြည်တော်တို့မှာ တစ်ခုစီခွင့်ပြုခဲ့ပါတယ်။ FL-8 လိုင်စင်(၈)ခုကို ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေး

တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့မှာ (၁)ခုစီ ခွင့်ပြုခဲ့ပြီးတော့ ပဲခူးတိုင်းဒေသကြီးမှာ (၃)ခု ခွင့်ပြုခဲ့ပါတယ်။

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းအတွက် FL-6 လိုင်စင်(၄)ခုနဲ့ FL-8 လိုင်စင်(၇)ကို ၂၆-၃-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ပဲခူတိုင်းဒေသကြီးမှာ B1 လိုင်စင်(၁)ခုနဲ့ FL-8 လိုင်စင်(၁)ခုကို ၈-၄-၂၀၁၅ ရက်နေ့မှာလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှာ B1 လိုင်စင်(၁)ခုကို ၂၂-၆-၂၀၁၅ ရက်နေ့မှာလည်းကောင်း ဟိုတယ်တွေအတွက် FL-17 လိုင်စင်(၇၅)ခုကို ၂၅-၃-၂၀၁၅ ရက်နေ့မှာလည်းကောင်း ခွင့်ပြုချထားပေးခဲ့ပါတယ်။

ဥပမာအားဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်- မုံရွာ-ရေဦးလမ်းမကြီး မှာ FL-6 လိုင်စင်(၁)ခု ခွင့်ပြုပေးခဲ့ပါတယ်။ အဲဒီနေရာမှာ လိုင်စင်စီအနေနဲ့ ဖြန့်ဖြူးရောင်းချမယ့်အရက်များကို သိုလှောင်ဖြန့်ဖြူးရန်သာဖြစ်ပါတယ်။ ဆိုင်တည်နေရာအတွင်းမှာ သောက်သုံးခွင့်မရှိပါဘူး။ မြန်မာနိုင်ငံယစ်မျိုးဥပဒေ ၂၂ မှာ ယစ်မျိုးသက်ဝင်ပစ္စည်းများကို လက်လီရောင်းချသော ဆိုင်များ၏ တည်နေရာသည် အများပြည်သူ ဝင်ထွက်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေသောနေရာအတွင်း မဖြစ်စေရ၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဘုရား၊ စေတီအနီးမဖြစ်စေရလို့ ဖော်ပြထားပါတယ်။ အဆိုပါ ဖော်ပြချက်ဟာ လက်လီဆိုင်များဖွင့်လှစ်ရောင်းချခြင်းနှင့် သက်ဆိုင်တဲ့ဆိုင်တည်နေရာ ကန့်သတ်ချက်ဖြစ်ပါတယ်။

မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၄ မှာ နိုင်ငံတော်အစိုးရဟာ နိုင်ငံတစ်ဝှမ်းလုံးမှာဖြစ်စေ၊ နေရာဒေသတချို့တွင် ဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်း လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်းတို့နှင့်စပ်လျဥ်းပြီးတော့ ဆောင်ရွက်ခွင့်ရှိကြောင်းပြဌာန်းထားပါတယ်။ မြန်မာနိုင်ငံရဲ့ ယစ်မျိုးအက်ဥပဒေပုဒ်မ ၁၄ မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ယစ်မျိုးမင်းကြီး)ဟာ အရက်ချက်စက်ရုံ၊ ဘီယာစက်ရုံ တည်ထောင်ချက်လုပ်ခွင့်နှင့် ယစ်မျိုးသက်ဝင်ပစ္စည်းတွေကို သိုလှောင်ရန် သိုလှောင်ရုံတည်ဆောက်ခွင့်ကို ခွင့်ပြုနိုင်ကြောင်း ပြဌာန်းထားပါတယ်။ မြန်မာနိုင်ငံ ယစ်မျိုးနည်းဥပဒေ ၇(ဆ)မှာ လိုင်စင်သက်တမ်းကာလအတွင်း လွှဲပြောင်းခြင်း၊ တစ်ဆင့်ချထားခြင်းကို လိုင်စင် အသစ်လို့ မယူဆရန်လို့ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ ၁၉ မှာ အတည်ပြုချထားပေးခဲ့တဲ့ ယစ်မျိုးအစီအစဥ်ကို ညွှန်ကြားရေးမှူးချုပ်ရဲ့ ခွင့်ပြုချက်မရှိဘဲနဲ့ ပြောင်းလဲခြင်းမပြုရဟုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်ကနေ ပြောင်းလဲခွင့်ပြုတဲ့ ယစ်မျိုးအစီအစဥ်ကို တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများကနေပြီးတော့ သဘောတူလက်ခံနိုင်ခြင်း မရှိက ပြန်လည်တင်ပြနိုင်ကြောင်းလည်း ဖော်ပြ ထားရှိပါတယ်။

၂၀၁၅-၂၀၁၆ ခုနှစ်အတွက် နောက်ဆက်တွဲယစ်မျိုးလိုင်စင်(၈၉)ခုကို မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မ ၁၄၊ ပုဒ်မ ၇(ဆ)တို့အရ ခွင့်ပြုပေးခဲ့ပြီးတော့မှ မြန်မာနိုင်ငံယစ်မျိုး နည်းဥပဒေ ၁၉ အရ တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးတွေမှ လက်ခံနိုင်ခြင်းမရှိကြောင်း ပြန်လည်တင်ပြခဲ့ခြင်း မရှိတာကိုတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ ၂၂ မှာ လက်လီ အရက်ဆိုင်များကို အများပြည်သူ အနှောင့်အယှက်ဖြစ်စေတဲ့ နေရာတွေအတွင်းမှာ ခွင့်ပြုခြင်းမပြုရလို့ ဖော်ပြထားသော်လည်းပဲ နောက်ဆက်တွဲယစ်မျိုးအစီအစဥ်မှာ ခွင့်ပြုထားသောလိုင်စင်များဟာ လက်လီလိုင်စင်တွေမဟုတ်ဘဲ နိုင်ငံခြားအရက်တွေကို ဟိုတယ်နှင့် နားနေခန်းဥပစာအတွင်း သောက်သုံးရန်

ဟိုတယ်ပိုင်ရှင် သို့မဟုတ် မန်နေဂျာက ကောင်တာဖွင့်၍ ရောင်းချခွင့်လိုင်စင်၊ ဘီယာလက္ကား ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်၊ နိုင်ငံခြားအရက် လက္ကားဖြန့်ဖြူးရောင်းချခွင့်လိုင်စင်နှင့် ဘီယာစက်ရုံ တည်ထောင် ချက်လုပ်ခွင့်လိုင်စင်များသာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်းမှာ ယစ်မျိုးလိုင်စင် အသစ်(၈၉)ခုကို မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နောက်ဆက်တွဲခွင့်ပြုပေးခဲ့ပြီးတော့မှ စုစုပေါင်း ယစ်မျိုး လိုင်စင် (၄၁၀၄၀) ခုတို့ကို ခွင့်ပြုခဲ့တဲ့အတွက် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုခဲ့တဲ့ ယစ်မျိုးလိုင်စင်အရေအတွက်ထက် လျော့နည်းခွင့်ပြုပေးခဲ့ပါတယ်။ ခွင့်ပြုချထားပေးတဲ့ ယစ်မျိုး လိုင်စင်တွေအနေနဲ့ ပြဋ္ဌာန်းထားသောဥပဒေတွေကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ တရားမဝင် ယစ်မျိုး ရောင်းချခြင်းများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်ဒုတိယဝန်ကြီးဖြေသွားတာကို ကျေးဇူးတင်ပါတယ်။ အဲဒီမှာ ဘာပါသွားလဲဆိုတော့ ယစ်မျိုးမင်းကြီးဖြစ်တဲ့ အရင် DG ပေါ့။ ထွေ/အုပ် DG ကနေပြီးတော့ လိုင်စင်ခွင့်ပြုနိုင်တယ်။ တိုင်းဒေသကြီးများက တင်ပြနိုင်ပါတယ် သဘောမတူ ကြောင်းလို့ ပါ ပါတယ်။ ဒါပေမဲ့ လက်ရှိမှာတော့ တိုင်းဒေသကြီး၊ ထွေ/အုပ် ဦးစီးဌာန ညွှန်ကြားရေးမှူး များဘက်ကနေပြီးတော့ တင်ပြထားခြင်းမရှိဘူးလို့ လေ့လာသိရှိရပါတယ်။ ကျွန်တော်သိထားတဲ့ အချက်က တိုင်းဒေသကြီး အစိုးရအဖွဲ့က ပြန်ကြားထားကြောင်း ကျွန်တော်သိထားတဲ့အတွက်ကြောင့် ဒီအချက်ကလေးနဲ့ ပတ်သက်လို့ ထွေ/အုပ်ကတော့ တင်မထားဘူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကသာ တင်ထားတယ်ဆိုတာမျိုး သတင်းကလေး ရရှိတာကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဖြေဖို့ရှိလား။

**ဗိုလ်မှူးချုပ်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ အဲဒီကိစ္စကတော့ ကျွန်တော့်အနေနဲ့ ဖြေကြားဖို့ မရှိပါဘူး။ လက်ရှိအနေအထားအရတော့ တိုင်းဒေသကြီးက ထွေ/အုပ် ကတော့ တင်ပြထားခြင်း မရှိဘူးဆိုတာတော့ ကျွန်တော့်အနေနဲ့ ဖြေလို့ရပါတယ်။

**တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး အတွက် အမျိုးသားအဆင့် အားကစားစီမံကိန်း၊ လူငယ်အားကစား စီမံကိန်း၊ အားကစားဥပဒေတို့နှင့် မြို့နယ်တိုင်းအတွက် တစ်ပြေးညီ လုံလောက်သော အားကစားကွင်း၊ အားကစားရုံတို့ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအဆင့် အားကစားစီမံကိန်း၊ လူငယ်အားကစားစီမံကိန်း၊ အားကစားဥပဒေတို့နှင့် မြို့နယ်တိုင်းအတွက် တစ်ပြေးညီ လုံလောက်သော အားကစားကွင်း၊ အားကစားရုံတို့ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကော်မရှင်အဖွဲ့ဝင်ပညာရှင်ကြီးများနဲ့ ယနေ့အစည်းအဝေးကိုကြွရောက်လာတဲ့ ဒုတိယဝန်ကြီးများကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းဟာတော်တော်လေးမှအရေးကြီးတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းထဲမှာကို ကျွန်တော်တို့ မေးခွန်းငယ်အနေနဲ့ အစိတ်အပိုင်း (၆)ခု ပါပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ အားကစား အဆင့်အတန်းမှာကမ္ဘာ့အဆင့်ကို ကျွန်တော်တို့မဆိုထားပါနှင့်။ အာရှအဆင့်ကနေပြီးတော့ တော်တော်လေးနိမ့်ပါးလာပြီဆိုတာ ဒါ ကျွန်တော်တို့ ဘယ်လိုမှငြင်းပယ်လို့ မရတဲ့ အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့အနီးစပ်ဆုံး အရှေ့တောင်အာရှ အားကစားပွဲတွေကို ပြန်ကြည့်မယ်ဆိုရင်တော့ ဒါ ၁၉၅၉ ကနေ ၁၉၇၅ အထိက ကျွန်းစွယ်အားကစားပြိုင်ပွဲ SEAP Game လို့ ခေါ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ South East Asia ကျွန်းစွယ် အားကစားပြိုင်ပွဲအနေနဲ့ကျင်းပခဲ့ပါတယ်။

ပထမဦးဆုံးစတင်ကျင်းပခဲ့တဲ့ ၁၉၅၉ ခုနှစ်၊ ဘန်ကောက်မှာပထမဦးဆုံးစတင်ကျင်းပခဲ့တဲ့ အားကစားပြိုင်ပွဲမှာ မြန်မာနိုင်ငံက အဆင့်(၂)ရရှိခဲ့ပါတယ်။ အဲဒီကျွန်းစွယ်အားကစားပြိုင်ပွဲတွေတုန်းကတော့ အောင်မြင်မှုထိုက်သင့်သလောက်ရရှိခဲ့ပါတယ်။ ကျွန်တော်တို့မြန်မာ့မြေပေါ်မှာ ကျင်းပတဲ့ ၁၉၆၁ နဲ့ ၁၉၆၉ ခုနှစ်၊ ကျွန်းစွယ်အားကစားပြိုင်ပွဲတွေမှာတော့ နိုင်ငံအလိုက်မှာ အဆင့်(၁)နေရာများ ရရှိခဲ့တာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမှာလက်ခံကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာတော့ အဆင့်(၂)နေရာကိုရရှိခဲ့တာကိုလည်း သက်ဆိုင်ရာအားကစားဝန်ကြီးဌာနကို ဂုဏ်ပြုစကားပြောကြားလိုပါတယ်။ ဒါပေမဲ့ အခုကျွန်တော်တို့ (၂၈)ကြိမ်မြောက်မှာကျတော့ အဆင့်(၇)ကို ပြန်ဆင်းသွားပါတယ်။ ကျွန်တော်တို့ ဒီ ၁၉၇၇ ကနေ ပြီးတော့ ဆက်တိုက်ပေါ့နော်၊ ကျင်းပလာတဲ့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွေမှာ နောက်ပိုင်း ကျွန်တော်တို့ East တီမောပါ ပါလာပြီ။ (၁၁)နိုင်ငံမှာ ကျွန်တော်တို့နိုင်ငံရဲ့အဆင့်ဟာ အဆင့်(၇)မှာပဲ အမြဲတမ်းရှိပါတယ်။ ၁၉၉၉ ဘရူနိုင်း Sea Game တုန်းကဆိုရင် အဆင့်(၈)တောင်မှ ကျသွားပါသေးတယ်။

အဲဒီတော့ မိမိနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပတဲ့အချိန်မှာတော့ ဒီလို ဆုတံဆိပ်တွေမြောက်များစွာရရှိပြီးတော့ ဒီလိုအောင်မြင်မှုရခဲ့တယ်။ ဒါပေမဲ့ Sustainable မဖြစ်ဘဲနဲ့ ဒါကိုကျွန်တော်တို့ မထိန်းသိမ်းထားနိုင်ဘဲနဲ့ ဒီလိုပြန်ပြီးတော့ အဆင့်(၇)နေရာကို ပြန်ဆင်းသွားရတာ ဒါတိုင်းပြည်အတွက် အင်မတန်နစ်နာကြောင်းတင်ပြလိုပါတယ်။ နောက် တစ်ဆက်တည်းမှာပဲ အာရှ U-19 ဘောလုံးပွဲမှာတော့ ဒီအာရှရဲ့ အဆင့်မြင့်ဘောလုံးအင်အားကြီးနိုင်ငံဖြစ်တဲ့ ယူအေအီးအသင်းကို အနိုင်ကစားပြီးတော့ တတိယနေရာလည်း ရရှိခဲ့တယ်။ ကမ္ဘာ့ဖလားဝင်ခွင့်လည်း ရရှိခဲ့တယ်။ နယူးဇီလန်မှာ ကျင်းပတဲ့ World Cup တကယ့်အင်အားကြီးအမေရိကန်လိုနိုင်ငံလို အသင်းမျိုးကိုတောင်မှ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဘောလုံးအားကစားသမားလေးတွေကိုလည်း ဒါ ဂုဏ်ပြုစကားပြောကြားလိုပါတယ်။ ပြီးခဲ့တဲ့ (၂၈)ကြိမ်မြောက် Sea Game မှာ ဒုတိယငွေတံဆိပ်ဆုကို ရရှိခဲ့တဲ့ မြန်မာဘောလုံးအသင်းဟာလည်း ဒီထက်ဒီ ရှေ့ဆက်ပြီးတော့ Sustainable အောင်မြင်မှုကို ထိန်းသိမ်းဖို့လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းကိုမေးရခြင်း ဖြစ်ပါတယ်။

အခုကျွန်တော်တို့နိုင်ငံမှာလူငယ်အများစုဟာ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းထက် ဒီ ပေါမျိုးလွယ်ကူစွာရရှိနေတဲ့ ဆေးလိပ်၊ အရက် ဒါတွေနဲ့ပဲကျွန်တော်တို့က ဒါတွေကို သုံးစွဲနေတဲ့အတွက်ကြောင့်မိုလို့ အမျိုးသားကျန်းမာကြံ့ခိုင်ရေး အဆင့်အတန်းဟာ အင်မတန်မှ နိမ့်ပါးနေတာကို တွေ့ရပါတယ်။ ကျွန်တော့်ရှေ့က ကိုယ်စားလှယ်တော်ကြီး ဆရာကြီး ဦးခင်မောင်ရီလည်း ခုနက မေးမြန်းသွားတဲ့အထဲမှာ ဒုတိယဝန်ကြီးဖြေကြားတဲ့အထဲမှာ ပါသွားပါပြီ။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်တုန်းက ကျွန်တော်တို့ လိုင်စင်ချပေးတာ (၄၁၀၀၀) ရှိပါတယ်။ မြန်မာနိုင်ငံမှာ မြို့နယ် (၃၃၀)ရဲ့ အားကစားကွင်းများ အခြေအနေကိုလည်း မေးခွန်းမှာ ဆက်လက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ (၄၁၀၀၀)တောင်မှ Year အလိုက် ဘဏ္ဍာရေးနှစ် တစ်နှစ်မှာချပေးတယ်ဆိုတဲ့အခါမှာ ဘယ်လောက်လူငယ်တွေအတွက် ရင်လေးဖို့ကောင်းတယ်ဆိုတာ ဒါတင်ပြပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ အများပိုင်အားကစားကွင်းနေရာတွေဟာ တော်တော်လေးမှ မရှိတော့ပါဘူး။ လွှတ်တော်မှာလည်း အကြိမ်ကြိမ်အဖန်ဖန် တင်ပြခဲ့ပါတယ်။ သိမ်ဖြူအားကစားကွင်းမြေနေရာဟာ ဒါ စည်ပင်သာယာကနေပြီးတော့ လွှဲယူသွားပြီးတော့ တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ လုံးဝအားကစားကွင်း ဆိုတဲ့ မြေနေရာ ပျောက်သွားပါပြီ။

ဒီလိုပါပဲ။ တာမွေ၊ ရာပြည့်အားကစားကွင်းတွေက စျေးဖြစ်လာတယ်။ စျေးကနေမှ အဆင့်မြင့်အဆောက်အအုံတွေ ဆောက်လုပ်ပြီးမှ ပျောက်သွားပါပြီ။ အခု ကျွန်တော်တို့ ကျိုက္ကဆံ နဂိုမြင်းပြိုင်ကွင်းအဟောင်းဖြစ်တဲ့ အားကစားလေ့ကျင့်ရေးကွင်းကြီးနဲ့ အားကစားသိပ္ပံကြီး ရှိနေတာ တောင်မှ ကျွန်တော်တို့ တော်တော်လေးရင်လေးဖွယ်ရာအနေအထား ဖြစ်နေပါတယ်။ လွှတ်တော်မှာ ကျွန်တော်တင်ပြခဲ့သလိုပါပဲ။ အများပိုင်အားကစားကွင်းမြေနေရာတွေ မပြောပါနဲ့။ သင်ကြားရေး ဆရာ၊ ဆရာမတွေကို ပြုစုပျိုးထောင်ပေးနေတဲ့ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ဘောလုံးကွင်းတွေမှာ ကျောင်းအဆောက်အအုံကြီးတွေ ဆောက်လိုက်ပါပြီ။ နောက်တစ်ခါ ရန်ကင်း ဆရာအတတ်သင်ကောလိပ်ရဲ့ နေရာမှာလည်း ကျောင်းအဆောက်အအုံကြီးတွေ ဆောက်လိုက်ပါပြီ။ ကျွန်တော်တို့မှာတော့ ကလေးတွေ ကစားစရာအားကစားကွင်းမြေနေရာကို မရှိတော့ပါဘူး။ ဒီ လူငယ်တွေရဲ့ ကျန်းမာကြံ့ခိုင်ရေးကို အခြေပြုပြီးတော့မှ ပညာရည်မြင့်မားရေး၊ နောက်တစ်ခါ အတွေးအခေါ် ဆင်ခြင်နိုင်စွမ်းရှိမှုတွေနဲ့ အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပုံဖော်ပေးမယ့် နိုင်ငံ့သားကောင်းရတနာ တွေဆိုတာ အဲဒီတော့မှ ကျွန်တော်တို့က တကယ်ရမှာပါ။ ဒီအခြေခံကောင်းတွေကို တကယ်လုပ်ပေးဖို့ လိုပါတယ်။ ကျောင်းတွင်းနဲ့ကျောင်းပြင်ပ လူငယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွေကို ပြည့်စုံလုံလောက်အောင် လုပ်ပေးနိုင်ဖို့လိုပါတယ်ဆိုတာ အပြုသဘောနဲ့ ထောက်ပြချင်ပါတယ်။

နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံအနှံ့အပြား ဒေသအသီးသီးက လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်သူ့လွှတ်တော်မှာရော၊ အမျိုးသားလွှတ်တော်မှာရော slide show တွေနဲ့ကို တင်ပြနေတာတွေရှိပါတယ်။ အားကစားကွင်း၊ အားကစားရုံတွေ ပျက်စီးယိုယွင်းနေတာ အထူးအားဖြင့် မိုးတွင်းဆိုရင် ဘယ်အားကစားကွင်းကြည့်ကြည့်ပါ။ မြက်တောကြီးတွေကို ထနေတာပါပဲ။ နောက်တစ်ခါ အများပြည်သူ ဝင်ရောက်ကစားဖို့ကန့်သတ်ချက်တွေလည်း ရှိပါတယ်။ အားကစားကွင်း၊ အားကစားရုံတွေ လုံလောက်စွာမရှိတာလည်း မရှိတာကိုတင်ပြတောင်းဆိုနေသော်လည်း တစ်ပြေးညီပြည့်ဝစေရန် ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းလည်း မရှိခဲ့ပါဘူး။ တစ်နိုင်ငံလုံးမှာရှိတဲ့မြို့နယ် (၃၃၀)မှာ အကောင်အထည်ဖော်နိုင်ဖို့၊ စီမံချက်ကြီးတစ်ရပ်ရေးဆွဲပြီးတော့ လုပ်ဖို့လိုပြီဆိုတာ ဒါကို တင်ပြလိုခြင်း ဖြစ်ပါတယ်။

အားကစားကွင်း၊ အားကစားရုံတွေ ရှိတဲ့အခါကျရင် နည်းစနစ်မှုးလည်း လိုပါတယ်။ ဒီကွင်းရှိနေရုံနဲ့ မရပါဘူး။ ဒီကလေးတွေကို၊ လူငယ်တွေကို ပြုစုပျိုးထောင် လေ့ကျင့်ပေးမယ့် အားကစားမှုးတွေ လိုပါတယ်ခင်ဗျား။

အလျှဉ်းသင့်လို့တင်ပြလိုပါတယ်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့မိခင်ကြီးဖြစ်သူက ၁၉၅၂ ခုနှစ်က အား/ကာ ဒုတိယဝန်ကြီးလည်းသိပါတယ်။ ၅၂ ခုနှစ်တည်းက အားကစားမှုးသင်တန်း အမှတ်စဉ်(၁)ကနေပြီးတော့၊ ဆင်းပြီးတော့ ရန်ကုန်ခရိုင်အားကစားမှုးအဖြစ်နဲ့ တာဝန်ထမ်းဆောင် ခဲ့တာ ဖြစ်ပါတယ်။ မိခင်ကြီးတို့နဲ့တစ်ပတ်စဉ်တည်းမှာဆိုရင် နိုင်ငံကျော်ရှေးဟောင်းအဆိုတော်ကြီး အန်တီ ဒေါ်လီလီကြာညွန့်တို့၊ နောက်ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ သီပေါမင်းရဲ့မြေးတော်ဖြစ်တဲ့ ကျွန်တော်တို့ စတုတ္ထသမီးတော်ရဲ့သမီး အန်တီထိပ်စုဘုရားထွေးတို့ ဒါတွေဟာ တကယ့် အဲဒီခေတ် တုန်းကဆိုရင် အားကစားလောကမှာ မြန်မာနိုင်ငံဟာ လျှမ်းလျှမ်းတောက်ပါ၊ နောက် နိုင်ငံကျော် အားကစားမယ်ဖြစ်တဲ့ အန်တီဂရေစီကားတို့ဆိုတာ second Batch ပါ။ အခုဟာက အဲဒီလို အားကစားမှုးမျိုးဆက်သစ်တွေလည်း မွေးတော့ မွေးထုတ်နေပါတယ်။ သို့သော် လုံလောက်တဲ့ အနေအထားမရှိဘူးဆိုတာကိုလည်း ဒါ တင်ပြလိုပါတယ်။ အဲဒီတော့ ဘာကအရေးကြီးတာလည်း ဆိုတော့ ဖွဲ့စည်းပုံကိုတိုးချဲ့ပြီးတော့ စီမံဆောင်ရွက်မှသာ ရပါတော့မယ်။ ဒီလို တစ်ပြိုင်နက်တည်း တစ်ပြေးညီ အားလုံးသောအားကစားနယ်ပယ်တွေကို ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အားကစားဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီးတော့မှသာ ဒါတွေကို ချိတ်ဆက်ပြီးတော့ ဆောင်ရွက်နိုင်မှ ဖြစ်မယ်လို့ ဒါ တင်ပြလိုပါတယ်။

မေးခွန်းမေးမြန်းရခြင်းရဲ့ရည်ရွယ်ချက်က (၄)ချက် ပါခင်ဗျား။ ပထမ တစ်ချက်ကတော့ တစ်မျိုးသားလုံးရဲ့ကျန်းမာကြံ့ခိုင်ရေးပါ။ နောက်တစ်ခုကတော့ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနဲ့ အဲဒီတိုးတက်မြင့်မားလာတဲ့အောင်မြင်မှုကို Sustainable ဖြစ်အောင်၊ ရေရှည် တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးဖြစ်ပါတယ်။ ရည်ရွယ်ချက်(၃)ကတော့ မျိုးဆက်သစ်အားကစား ထူးချွန်သူတွေ၊ ကျောင်းတွင်း၊ ကျောင်းပြင် အားကစားသင်တန်းတွေကနေပြီးတော့ ပေါ်ပေါက်လာဖို့ ဖြစ်ပါတယ်။ (၄)ကတော့ အင်မတန်မှ အရေးကြီးပါတယ်။ လူငယ်၊ လူရွယ်တွေ မူးယစ်အန္တရာယ်ကနေ ကင်းဝေးပြီးတော့ ကိုယ်လက်လှုပ်ရှားအားကစားကို ပိုမိုဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ အများပိုင်တဲ့၊ အများပြည်သူအသုံးပြုနေတဲ့အားကစားကွင်းတွေ တဖြည်းဖြည်း၊ တဖြည်းဖြည်း၊ တဖြုတ်ဖြုတ်နဲ့ ပျောက်ကွယ်သွားတာကိုလည်း Revert လုပ်ဖို့၊ တားဆီးဖို့၊ ဒါ အားကစား ဝန်ကြီးဌာနကနေပြီးတော့ စီမံဆောင်ရွက်ဖို့သင့်ပါပြီလို့ အပြုသဘော တင်ပြလိုပါတယ်။

မေးမြန်းနေတဲ့မေးခွန်းတွေကို မေးမြန်းခွင့်ပြုပါဥက္ကဋ္ဌကြီးခင်ဗျား။ (၁) မေးခွန်းကတော့ နိုင်ငံအတွင်းမှာရှိတဲ့မြို့နယ်(၃၃၀)လုံးမှာ အားကစားကွင်း၊ အားကစားရုံများ၊ အားကစားနည်း စနစ်မှုးများ တစ်ပြေးညီ ပြုပြင်တည်ဆောက် ခန့်ထားဆောင်ရွက်ပြီးတော့ အမျိုးသားအဆင့် မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါ တယ်။ (၂) ကတော့ အဆင့်မြင့်ပညာနဲ့ အခြေခံပညာကျောင်းမှာ၊ ကျောင်းတွေမှာ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ထိရောက်တဲ့လူငယ် အားကစားသမားဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်း ရေးဆွဲဆောင်ရွက်ထားနိုင်ခြင်း ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ (၃)ကတော့ တစ်နိုင်ငံလုံးမှာ ရှိတဲ့ အားကစားကွင်း၊ အားကစားရုံများကို မည်သည့်ဌာနရဲ့ စီမံခန့်ခွဲမှုအောက်မှာ ရောက်နေပါစေ။

အားကစားဝန်ကြီးဌာနရဲ့ ထောက်ခံချက်နဲ့သာ အခြားနည်းပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အအုံ တည်ဆောက်ခြင်းများကို ကန့်သတ်ဆောင်ရွက်စေရန် အစီအစဉ် ရှိ/မရှိ။ ဒါလည်း အင်မတန်အရေးကြီး တဲ့မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ နောက် (၄) မေးခွန်းကတော့ တစ်မျိုးသားလုံး ကိုယ်လက်ကြံ့ခိုင်ရေးနဲ့ ကျန်းမာရေးကို အထောက်အကူပြုစေမယ့် အမျိုးသားအဆင့် အားကစားစီမံကိန်းတစ်ရပ် ရေးဆွဲပြီး တော့ ပြည့်ဝလုံလောက်တဲ့ဘဏ္ဍာရန်ပုံငွေ ထောက်ပံ့ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ။ ဘတ်ဂျက်မရရင် ဘာမှလုပ်လို့မရပါဘူး။ (၅) မေးခွန်းကတော့ အထက်ဖော်ပြခဲ့တဲ့ အစီအစဉ်တွေကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် အားကစားဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက မူကြမ်း ရေးဆွဲပြီးတော့ လွှတ်တော်များကို တင်သွင်းရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

နောက်ဆုံးမေးခွန်းကတော့ အထက်ပါအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက် ပေးရန် တိကျတဲ့ အစီအစဉ် မရှိဘူးဆိုတဲ့အခါမှာ ကျန်းမာကြံ့ခိုင်ပြီးတော့ စွမ်းဆောင်ရည်မြင့်မားတဲ့ နိုင်ငံသားတို့နဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်နိုင်မယ်မဟုတ်ဘူးဆိုတာကို တာဝန်ခံယူနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်း(၆)ခု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄) မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးမှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအဆင့် အားကစားစီမံကိန်း၊ လူငယ်အားကစားကွင်း၊ အားကစားရုံတို့ ပေါ်ပေါက်လာစေရန် အတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ကျွန်တော် ဒုတိယ ဝန်ကြီး ဦးသောင်းထိုက်မှ ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ အားကစားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်က ပေးအပ်ထားတဲ့ တာဝန်ကြီး(၄)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ဒီဟာတွေကတော့ (က) တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး အားလုံးအသိ ဖြစ်ပါတယ်။ (ခ) မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားလာစေရေး။ ဒါလည်း ဒေါက်တာမြတ်ဉာဏစိုး တင်ပြသွားတာ ဖြစ်ပါတယ်။ တင်ပြသွားတဲ့အထဲမှာပါပါတယ်။ (ဂ) အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် အဆင့် မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး နဲ့ (ဃ) အရှေ့တောင်အာရှအဆင့်မှ အာရှ၊ အာရှအဆင့်မှ ကမ္ဘာ့ အဆင့်အထိ တက်လှမ်းနိုင်အောင် ကြိုးပမ်းရေးဆိုတဲ့ရည်မှန်းချက်များကိုလည်း ကျွန်တော်တို့ အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မေးမြန်းတဲ့ပထမအချက်ဖြစ်တဲ့ နိုင်ငံအတွင်း မြို့နယ်တိုင်းမှာ အားကစားကွင်း၊ အားကစားရုံများ၊ အားကစားနည်းစနစ်မှူး၊ နည်းပြများ ခန့်ထားရေး၊ အားကစားကွင်း၊ အားကစားရုံများ တစ်ပြေးညီ ပြုပြင်တည်ဆောက်ရေးတို့ကို အမျိုးသား မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဥ် ချမှတ် ဆောင်ရွက်ရန် အစီအစဥ် ရှိ/မရှိ ဆိုတာနဲ့ပတ်သက်လို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း (၃၃၀) ရှိပါတယ်။ အားကစားကွင်း၊ အားကစားရုံ နှစ်ခုလုံးရှိတဲ့မြို့နယ်ပေါင်း (၂၉၃) မြို့နယ်ရှိပါတယ်။ အားကစားကွင်းသာရှိတဲ့မြို့နယ်ပေါင်း (၁၅၄)မြို့နယ်ဖြစ်ပြီးတော့ အားကစားရုံသာ ရှိတဲ့ မြို့နယ်(၂)မြို့နယ်နဲ့ အားကစားကွင်းရုံမရှိသော မြို့နယ်(၄၀) ကျန်ရှိနေသေးကြောင်း တင်ပြအပ်ပါတယ်။

အားကစားကွင်း၊ အားကစားရုံရှိတဲ့မြို့နယ်များမှာ အားကစားကွင်းများ၊ အားကစားပြိုင်ပွဲများ၊ အားကစားလှုပ်ရှားမှုများနှင့် လူငယ်မျိုးဆက်သစ်ဖော်ထုတ်ပေးနိုင်မှုဆိုတဲ့ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှုအပေါ်မှာ မူတည်ပြီး ဦးစီးအရာရှိနှင့် နည်းစနစ်မှူးများခန့်ထားပေးပါတယ်။ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲအားကစားကွင်း၊ အားကစားရုံများ ပြုပြင်မွမ်းမံရန်၊ အဆင့်မြှင့်တင်ရန်၊ အသစ်တည်ဆောက်ရန်တို့အတွက်လည်း ဘဏ္ဍာနှစ်အလိုက် တောင်းဆိုတင်ပြချက်များနှင့်စီမံချက်တို့အပေါ်မူတည်ပြီး ရန်ပုံငွေများခွဲဝေချထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိကြောင်းတင်ပြလိုပါတယ်။ မြို့နယ်တိုင်းမှာ အားကစားတိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ရေးအတွက် Township Sports Development Programme ကိုလည်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။

မေးမြန်းတဲ့ဒုတိယအချက်ဖြစ်တဲ့ အဆင့်မြင့်ပညာနဲ့ အခြေခံပညာကျောင်းများမှာ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ထိရောက်တဲ့ လူငယ်အားကစား ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲထားနိုင်ခြင်း ရှိ/ မရှိ ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ အဆင့်မြင့်ပညာနဲ့ အခြေခံပညာကျောင်းများမှာ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အားကစားနဲ့ ပညာရေးပေါင်းစပ်ပြီး အားကစား အဆင့်မြှင့်တင်ရေး စီမံချက်ကိုလည်း ကျွန်တော်တို့ အတည်ပြုရေးဆွဲပြီး ဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်သွားမယ့် လုပ်ငန်းများအနေနဲ့ကတော့ နိုင်ငံတော်က ခွဲဝေချမှတ်ပေးမယ့် ဘတ်ဂျက်ရန်ပုံငွေအပေါ်မှာ မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးမြန်းတဲ့ တတိယအချက်ဖြစ်တဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ အားကစားကွင်း၊ အားကစားရုံများဟာ မည်သည့်ဌာနရဲ့ စီမံခန့်ခွဲမှုအောက်မှာ ရောက်ရှိနေစေကာမူ အားကစားဝန်ကြီးဌာနရဲ့ ထောက်ခံချက်ဖြင့်သာ အခြားနည်းသို့ပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်းများကို ကန့်သတ်ဆောင်ရွက်ရန် အစီအစဥ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်၍ တစ်နိုင်ငံလုံးမှာရှိတဲ့ အားကစားကွင်း၊ အားကစားရုံများအနက်မှ အချို့သောအားကစားကွင်း၊ အားကစားရုံများမှာ အားကစားဝန်ကြီးဌာနစတင်ဖွဲ့စည်းသည့်အချိန်မှာပဲ အခြားသောဌာန၊ အဖွဲ့အစည်းများရဲ့ စီမံအုပ်ချုပ်မှုအောက်မှာ ရှိနေပါတယ်။

အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခြင်းမရှိခဲ့ပါ၍ အားကစားဝန်ကြီးဌာန အနေနဲ့ ပါဝင်ပတ်သက်မှု မပြုနိုင်ခဲ့ပါ။ အခြား အဖွဲ့အစည်းအသီးသီး အနေနဲ့ ၎င်းတို့ စီမံခန့်ခွဲမှု အောက်မှာရှိတဲ့ အားကစားကွင်း၊ အားကစားရုံများကို တင်ပြပြပါ အခြားနည်းလမ်းဖြင့် အသုံးပြုခြင်း၊ မြေနေရာပေါ်မှာ အဆောက်အအုံများ တည်ဆောက်ခြင်းများ ပြုလုပ်လိုပါက အားကစားဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်အစိုးရသို့ တင်ပြဆောင်ရွက်သင့်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရထံ မူဝါဒတောင်းခံ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

စတုတ္ထမေးမြန်းချက်ဖြစ်သည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး အထောက်အကူ ပြုစေမည့် အမျိုးသားအဆင့်အားကစားစီမံကိန်းတစ်ရပ်ရေးဆွဲပြီး ပြည့်စုံလုံလောက်သော ဘဏ္ဍာ ရန်ပုံငွေ ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်း၍ ကျွန်တော်တို့ အားကစား ဝန်ကြီးဌာန အနေနဲ့ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ အားကစားအောင်မြင်မှုများ ရရှိရေးအတွက် ရေတိုစီမံချက်များ ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသလို မြန်မာ့အားကစား ရေရှည်တည်တံ့ ထိန်းသိမ်းနိုင်ရေးအတွက် ခိုင်မာတဲ့ Myanmar Sport Master Plan ကိုလည်း ရေးဆွဲထားရှိပြီး ဖြစ်ပါတယ်။ အတည်ပြုချက်ရရှိမှုအပေါ်မှာ မူတည်ပြီးတော့ နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေများ တောင်းခံပြီး စီမံချက်ပါလုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ပဉ္စမအချက်ဖြစ်တဲ့ အထက်ဖော်ပြပါ အစီအစဉ်များကို စနစ်တကျ ဆောင်ရွက်နိုင်ရေး အတွက် အားကစားဥပဒေတစ်ရပ် ပြဋ္ဌာန်းရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မူကြမ်းရေးဆွဲရေး လွှတ်တော်များသို့ တင်သွင်းရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်၍ ကျွန်တော်တို့ အားကစား ဝန်ကြီးဌာနအနေနဲ့ အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားအားကစားဥပဒေကို ဝန်ကြီးဌာနအသီးသီး၊ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးမှ အားကစားဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ အတူတကွပူးပေါင်းပြီး ရေးဆွဲပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အမျိုးသားအားကစားဥပဒေမူကြမ်းကို လွှတ်တော်သို့ တင်သွင်း နိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

နောက်ဆုံးအချက်ဖြစ်တဲ့ အထက်ပါအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက် ပေးရန် တိကျသည့်အစီအစဉ်မရှိပါက ကျန်းမာကြံ့ခိုင်ပြီး စွမ်းရည်မြင့်မားသော နိုင်ငံသားတို့ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်သည်ကို တာဝန်ခံယူနိုင်ခြင်း ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်၍ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Sports Master Plan ကိုလည်း ကျွန်တော်တို့ ရေးဆွဲအတည်ပြုပြီး ဖြစ်ပါတယ်။ မြို့နယ်အားကစားတိုးတက်ဖွံ့ဖြိုးရေး ကိစ္စများ အပြည့်အဝဆောင်ရွက်နိုင်ဖို့ Township Sports Development Programme ကိုလည်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီအပြင် တစ်မျိုးလုံးနဲ့သက်ဆိုင်တဲ့ မြန်မာနိုင်ငံ အမျိုးသားအားကစားဥပဒေကိုလည်း ပြင်ဆင်ဖြည့်စွက်ရေးဆွဲထားပြီး မကြာမီမှာ လွှတ်တော်သို့ တင်ပြ အတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။

ယခုကဲ့သို့ Myanmar Sport Master Plan, Township Sports Development Programme မြန်မာနိုင်ငံ အမျိုးသားအားကစား ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်

ဆိုပါလျှင် ကျန်းမာကြံ့ခိုင်ပြီး စွမ်းရည်မြင့်မားသည့် နိုင်ငံသားတို့ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုဖို့ လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးမှ မေးပါမလားလို့ ဒီကစောင့်နေတာ။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အပြုသဘောနဲ့ ဖြေကြားသွားတဲ့ အားကစား ဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ မှန်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဖွဲ့စည်းပုံနဲ့ ဘတ်ဂျက်အနေအထားအရ ကန့်သတ်ချက်တွေရှိနေတာကိုလည်း ကျွန်တော် နားလည်ပါတယ်။ ခုန အင်မတန်ကျေးဇူးတင်ပါတယ်။ အားကစားဝန်ကြီးဌာနကို လွှဲပြောင်းပေးခြင်း မပြုခဲ့ပါဆိုတဲ့ စကားရပ်တစ်ခုက အင်မတန်မှ တာသွားပါတယ်။ ဒါပေမဲ့ Recommendation ပေါ့၊ အားကစားဝန်ကြီးဌာနရဲ့ Recommendation ကို ရယူပြီးမှသာ အခြားနည်းသို့ ပြောင်းလဲ ဆောင်ရွက်ခွင့်ပြုဖို့ ဒါ မူဝါဒတစ်ရပ်ချမှတ်ဖို့ တောင်းခံဆောင်ရွက်သွားမယ်ဆိုတာလည်း ဒါ အင်မတန် မှကောင်းတဲ့ အစီအမံဖြစ်ပါတယ်။ အဲဒီလိုပဲ ဒီအားကစားကွင်းတွေ အကုန်လုံးကို အားကစားဝန်ကြီးဌာန လက်အောက်ကို ပြန်လည်လွှဲပြောင်းပေးဖို့ ဒါတောင်းဆိုလို့ရပါတယ်။ ဒီလိုမျိုးရော အားကစား ဝန်ကြီးဌာနအနေနဲ့ အားကစားနဲ့ဆိုင်တဲ့ ဝန်ကြီးဌာနတစ်ခုလုံးလည်း ရှိနေတယ်။ ဒီအတွက်ကြောင့်မို့လို့ ဒါတွေအကုန်လုံးဟာ အားကစား ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုအောက်ကို ပြန်လည်လွှဲပြောင်းပေးဖို့ ဒါ နိုင်ငံတော်အစိုးရအဖွဲ့ကို တောင်းဆိုမယ့် အစီအစဉ် ရှိ/မရှိ ကို ဒါလေးတစ်ခုတော့ ပြန်လည်ဖြေကြား ပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မူဝါဒ တောင်းခံမယ်လို့ ဖြေထားပြီးပြီလေ။ မူဝါဒတောင်းခံတဲ့အခါမှာ ပါလာမှာပေါ့။ ဟုတ်ပြီနော်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမည့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တိုင်းရင်းသား ဘာသာစကားသင်ကြားရာတွင် စာသင်ချိန်ပြင်ပ၌သင်ကြားရန် ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်မှ မိမိဘာသာစကားမတတ်သော လူကြီး၊ လူငယ်အားလုံးကို တစ်စု တစ်စည်းတစ်ချိန်တည်း သင်ကြား ပေးသော ဆရာ၊ ဆရာမများအား လုပ်အားခ ထောက်ပံ့ကြေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က တိုင်းရင်းသား ဘာသာစကားသင်ကြားရာတွင် စာသင်ချိန်ပြင်ပ၌ သင်ကြားရန် ညွှန်ကြားချက်နှင့်အညီ

သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်မှ မိမိဘာသာစကားမတတ်သော လူကြီး၊ လူငယ်အားလုံးကို တစ်စု တစ်စည်းတစ်ချိန်တည်း သင်ကြားပေးသော ဆရာ၊ ဆရာမများအား လုပ်အားခ ထောက်ပံ့ကြေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ကျွန်တော် ဦးစတီဗင်သာဘိတ် အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်တဲ့ အချက်ကတော့ တိုင်းရင်းသားဘာသာစကားသင်ကြားရာတွင် စာသင်ချိန်ပြင်ပ၌ သင်ကြားရန် ညွှန်ကြားချက်နဲ့အညီ သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်မှ မိမိဘာသာစကားမတတ်သော လူကြီး၊ လူငယ်အားလုံးကို တစ်စု တစ်စည်းတစ်ချိန်တည်း သင်ကြားပေးသော ဆရာ၊ ဆရာမများလုပ်အားခ ထောက်ပံ့ကြေးပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်အတွင်း နေထိုင်တဲ့ တိုင်းရင်းသားအသီးသီးများ မိမိတိုင်းရင်းသားဘာသာစကား မရေးတတ်၊ မဖတ်တတ် မဖြစ်အောင် တစ်နည်းအားဖြင့် မိမိဘာသာစကား မပပျောက်အောင် နိုင်ငံတော်အစိုးရမှ ကျောင်းစာသင်ချိန်မဟုတ်ဘဲ ကျောင်းစာသင်ချိန်ပြင်ပ အချိန်၌ သင်ယူနိုင်ရေးအတွက်သော်လည်းကောင်း၊ လိုအပ်လျှင် အခန်းငှားရမ်းခနဲ့ သင်ကြားပို့ချပေးသော ဆရာ/ဆရာမများရဲ့ လုပ်အားခကိုပါ နိုင်ငံတော်မှ ပံ့ပိုးကူညီပေးမယ် ဖြစ်ကြောင်းကိုလည်း ပညာရေးဝန်ကြီးဌာနမှ သဘောတူခွင့်ပြုပေးခဲ့ပါတယ်။ စစ်ကိုင်းတိုင်းအတွင်း နေထိုင်ကြတဲ့ ကျွန်တော်တို့ ချင်းတိုင်းရင်းသား တီးတိန်မြို့နယ်၊ ဖလမ်းမြို့နယ်၊ တွန်းဇံမြို့နယ်၊ ဟားခါးမြို့နယ်၊ ထန်တလန်မြို့နယ်နဲ့ မတူပီမြို့နယ်များမှ ချင်းပြည်နယ်ကို ကျွန်တော်တို့ စွန့်လွှတ်ပြီးတော့ စစ်ကိုင်းတိုင်း၊ ကလေးနဲ့ တမူးမြို့နယ်တွင်လည်းကောင်း၊ မကွေးတိုင်း ဂန့်ဂေါမြို့နယ်တွင်လည်းကောင်း အများအပြား ပြောင်းရွှေ့နေထိုင်လျက် ရှိကြပါတယ်။

၎င်းတို့ဟာ အချိန်ကြာမြင့်လေလေ မိမိတို့တိုင်းရင်းသားဘာသာစကား အပြော၊ အရေး၊ အဖတ်အား တဖြည်းဖြည်းနဲ့ ပျောက်ကွယ်လာသည်နှင့်အမျှ သင်ကြားပေးမှုကိုလည်း တာဝန်ယူနိုင်သော အဖွဲ့အစည်း မရှိတဲ့အတွက် အစိုးရကျောင်းများမှ သင်ယူနိုင်ရေးကို မျှော်ကိုးခဲ့သော်လည်း ကျောင်းအချိန် ပြင်ပမှာပဲ သင်ကြားပေးရန် ဖြစ်တဲ့အတွက် စစ်ကိုင်းတိုင်း၊ ကလေးမြို့နဲ့ တမူးမြို့နယ်တွင် နေထိုင်ကြတဲ့ ဟားခါးဘာသာစကား အသုံးပြုတဲ့ တိုင်းရင်းသားလူငယ်၊ လူကြီးများအား ဟားခါးဘာသာစကား သင်ကြားပေးရေးကို ကျေးရွာ၊ ရပ်ကွက်အလိုက် ကျောင်းပိတ်ချိန်ကာလ ပတ်ဝန်းကျင်ကို ရွေးပြီးတော့ သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက်၏ လိုလားချက်နဲ့အညီ သင်ကြားပို့ချပေးရေးကို ယခုနှစ် အပါအဝင် (၃) နှစ် ရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ကလေးမြို့မှာ နေထိုင်သော ဟားခါးတိုင်းရင်းသား လူကြီး၊ မိဘများ အနေနဲ့ ချင်းလူမှုရေးနဲ့ ယဉ်ကျေးမှုအသင်းကို အစိုးရမှ တရားဝင် ခွင့်ပြုချက်ဖြင့် တည်ထောင်ပြီးတော့ လူမှုရေးနဲ့ ယဉ်ကျေးမှုလုပ်ငန်းများထဲမှ မိမိ မိခင်ဘာသာစကား မပပျောက်အောင် သင်ကြားပို့ချပေးရေးကို ဆောင်ရွက်လျက် ရှိပါတယ်။

ယခုနှစ် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ဧပြီလ၊ မေလတွင် သင်ကြားပို့ချပေးရန် ဆရာ/ဆရာမများကို ရက်တိုသင်တန်းပေးပြီး၊ မိမိတို့ကျေးရွာတွင် ပြန်လည်ပို့ချစေလျက် ၎င်းတို့ လုပ်အားခအနေနဲ့

ဘာသာရေးအဖွဲ့အစည်းကို အလှူခံခြင်း၊ မြို့ပေါ်လူကြီးမိဘထံမှ အလှူခံကောက်ခံခြင်းစသည်ဖြင့် ရန်ပုံငွေ ရှာဖွေပြီးတော့ အသင့်အတင့် လုပ်အားခကို ပေးချေနိုင်ရန် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုသင်ကြားမှုကို နှစ်စဉ်ဆောင်ရွက်ရန် ရှိပြီးတော့ ဂန့်ဂေါမြို့နယ် အထိ သင်ကြားပို့ချပေးရန် အစီအစဉ် ရှိပါတယ်။ အခက်အခဲမျိုးစုံအနက် ရန်ပုံငွေရရှိရေးသည် အလွန် အရေးကြီးကဏ္ဍတွင် ပါဝင်ပြီးတော့ နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေး ရေးကို မျှော်ကိုးနေကြပါတယ်။ နိုင်ငံတော်အစိုးရကို တစ်ဖက်တစ်လမ်းမှ လူမှုရေးအသင်းအဖွဲ့ အနေနဲ့ ဆောင်ရွက်ကူညီရေးသည် ဒီမိုကရေစီနိုင်ငံ တည်ထောင်ရာတွင် အလွန်အရေးကြီးသော ကဏ္ဍ၌ ပါဝင် နေကြောင်းကိုလည်း သဘောပေါက်လက်ခံကြပါတယ်။ ယခုနှစ် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် တင်ပြရရင် ကလေးမြို့နယ်မှာ ကျေးရွာ၊ ရပ်ကွက်(၁၉)နေရာ၊ တမူးမြို့နယ်မှာ ကျေးရွာ၊ ရပ်ကွက်(၃)နေရာ ပေါင်း (၄၂)နေရာမှာ စုစုပေါင်း သင်တန်းသူ၊ သင်တန်းသား(၉၄၂)ဦးနဲ့ ဆရာ/ဆရာမ (၄၅)ဦးနဲ့ သင်တန်းပို့ချ ခြင်း ဖြစ်ပါတယ်။ ကုန်ကျစရိတ် အနေနဲ့တော့ ကျွန်တော်တင်ပြထားတဲ့ စာထဲမှာ ကုန်ကျတာကို ကျွန်တော် ရေးသားထားပါတယ်။

သို့ဖြစ်ပါ၍ (၁)အနေနဲ့ ကျွန်တော်မေးချင်တာက မိခင်တိုင်းရင်းသား ဘာသာစကား သင်ကြားပို့ချရာ၌ ပို့ချသူ ဆရာ/ဆရာမများ၏ လုပ်အားခကို နိုင်ငံတော် အစိုးရ ပညာရေးဝန်ကြီးဌာနမှ ကူညီပေးရန် အစီအစဉ် ရှိ/မရှိ။ (၂) ရှိပါက ဘယ်ပုံဘယ်နည်းနဲ့ ကူညီနိုင်မည်နည်းကို သိရှိလိုခြင်း ဖြစ်ပါတယ်။ (၃)အနေနဲ့ မရှိပါက အဘယ်ကြောင့်နည်းဆိုတဲ့ဟာကို တိုင်းရင်းသားလူမျိုးများတို့ရဲ့ မိမိဘာသာစကား တိုးတက်ဖွံ့ဖြိုးရေးအတွက် မျှော်ကိုးပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**စာသင်ခန်းများတွင် သင်ကြားရေး အထောက်အကူ ပစ္စည်းများလှူဒါန်းပါက တပ်ဆင်သုံးစွဲခွင့်ပြုနိုင်ပါရန် နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က စာသင်ခန်း များတွင် သင်ကြားရေး အထောက်အကူပစ္စည်းများ လှူဒါန်းပါက တပ်ဆင်သုံးစွဲခွင့်ပြုနိုင်ပါရန်နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့မိဘတွေဟာ သူတို့ သား/သမီး ကို မူကြိုအပ်မယ်ဆိုလို့ရှိရင် ကျောင်းရဲ့ အခြေအနေကို စုံစမ်းကြပါတယ်။ ဒီအခါမှာ မူကြိုကျောင်း တည်ထောင်တဲ့သူက သူတို့ကျောင်းမှာ အခန်းပြည့် Aircon တပ်ဆင်ထားကြောင်း၊ ကလေးငယ်များကို ကွန်ပျူတာသုံး၍ ပညာတွေသင်ကြား မည်ဖြစ်ကြောင်း ကြော်ငြာပြီးတော့ ဆွဲဆောင်ကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ပုဂ္ဂလိကကျောင်း တွေမှာ သင်ထောက်ကူပစ္စည်းအဖြစ် Aircon တွေ၊ Amplifier တွေ၊ Video နဲ့ ကွန်ပျူတာပစ္စည်းတွေ သုံးစွဲပြီး အောင်မြင်မှုတွေ ရရှိနေကြပြီဖြစ်ပါတယ်။ ဒီ သင်ထောက်ကူပစ္စည်းတွေကြောင့် ကျောင်းသား

တွေရဲ့ စာပေပညာသင်ကြားရေးမှာ သက်တောင့်သက်သာ လွယ်လွယ်ကူကူ လျင်လျင် မြန်မြန်နဲ့ မြန်မြန်ဆန်ဆန် ရရှိတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံလို ရာသီဥတု ပူပြင်းတဲ့နေရာ၊ နောက် အခန်းတစ်ခုမှာ ကျောင်းသားအနည်းဆုံး (၄)၊ (၅)(၆၀)၊ တချို့တက္ကသိုလ်တွေမှာ (၁၀၀)လောက်အထိ ရှိတဲ့နေရာမှာတော့ အနည်းဆုံး Aircon နဲ့ Amplifier တော့ မရှိမဖြစ် လိုအပ်နေပြီ ဖြစ်ပါတယ်ခင်ဗျား။ ဒါတွေနဲ့ ပတ်သက်လို့ တင်ပြလို့ရှိရင် ကျွန်တော်တို့ ကမ္ဘာပေါ်မှာ ပထမတန်းစား နိုင်ငံတွေမှာ စာသင်ခန်းတွေမှာဆိုရင် ဒီပစ္စည်းတွေအပြင် သူတို့ လက်ရှိသုံးစွဲနေတာကတော့ ကွန်ပျူတာတွေ၊ Online စနစ်တွေ၊ Laptop တွေနဲ့ သုံးနေတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ သူက ကွာခြားချက်တွေ ပြောမယ်လို့ဆိုရင် ကျွန်တော်တို့ တက္ကသိုလ်တက်နေတဲ့ အချိန်တုန်းကတော့ ဒီ ကွန်ပျူတာ Online စနစ်တွေ မပေါ်သေးပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က ဒီ ပြဌာန်းစာအုပ်ကို ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က Second Edition, Third Edition စာအုပ် လောက်ကိုပဲ မိတ္တူကူးပြီးသုံးနေတဲ့အချိန်မှာ သူတို့နိုင်ငံတွေမှာ ဒီ နောက်ဆုံး Latest အနေအဖြစ်နဲ့ Nine Edition ,Ten Edition လောက်ကို ကိုင်တွယ်သုံးစွဲနေကြပြီ ဖြစ်ပါတယ်။

ဒီနေ့ခေတ်မှာတော့ ကျွန်တော်တို့ထက်တောင် ပိုကွာသွားပြီ ဖြစ်ပါတယ်ခင်ဗျား။ ဒီ ပထမတန်းစား နိုင်ငံတွေရဲ့ ပညာသင်ကြားရေး စနစ်တွေမှာ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ Reference စာအုပ်မရှိတော့ပါဘူး။ အားလုံးက Website မှာဘဲ Latest Edition ကို ကျွန်တော်တို့ Website မှာဘဲ Laptop တွေက Down Load လုပ်ပြီးတော့ နေတာဖြစ်ပါတယ်။ ဒီ စာပေရှင်းလင်းရေးနဲ့ ပတ်သက်ပြီးဆိုလို့ရှိရင် Software အမျိုးမျိုးနဲ့ကို ကျွန်တော်တို့ ဒီ ဆရာကနေ Wifi စနစ်ကနေပြီး တော့ ထိုင်ရာကမထ ဒီ ကျွန်တော်တို့ Monitor တွေနဲ့ Wifi စနစ်နဲ့ ဒီ Presentation အမျိုးမျိုးပြပြီးတော့၊ Slide Show အမျိုးမျိုးပြပြီးတော့ သင်ခန်းစာကို ရှင်းတာဖြစ်ပါတယ်။ ဒီ သင်ကြားတဲ့စာတွေကို ကျောင်းသားတွေက Record လုပ်နိုင်တယ်။ ကျောင်းမတက်နိုင်တဲ့ ကျောင်းသားကိုလည်း ဒီ Record ကို ပြန်ကြည့်နိုင်တယ်။ နားမလည်တဲ့ ကျောင်းသားတွေကလည်း ဒီ Record ကို ပြန်ကြည့်နိုင်မယ် ဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့ပညာသင်ကြားရေးစနစ်က ကျောင်းသားက ကြိုက်သလို အလွယ်တကူ သင်ကြားနိုင်တဲ့စနစ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါပေမဲ့ ဒီစနစ်တွေဟာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ရရှိနိုင်သလားဆိုတော့ ကျွန်တော်တို့ နိုင်ငံရဲ့ အခြေအနေအရ ဒါတွေဟာ မရရှိနိုင်သေးပါဘူး။ ကျွန်တော်တို့ နိုင်ငံရဲ့ ပညာရေးစနစ်က ဆိုလို့ရှိရင် ပွင့်ပွင့်လင်းလင်း ပြောရလို့ရှိရင် အမိုးပေါက်ဖာနေတာတွေ၊ အဖာပေါက်ကို ဖာနေတဲ့အဆင့်ပဲ ရှိပါတယ်။ အဓိကကတော့ သင်ကြားရေးအထောက်အကူပစ္စည်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဘာမှမလုပ်နိုင်သေးပါဘူးခင်ဗျား။ ဒီနေ့ အစိုးရရဲ့သက်တမ်းဟာလည်း အခုဟာ နောက်ဆုံးနှစ် ဖြစ်ပါတယ်။ ဒီနှစ် သင်ကြားရေးရဲ့ဘတ်ဂျက်က ဒီဟာတွေနဲ့ပတ်သက်လို့ ဘာမှမလုပ်နိုင်တော့ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က ဒီ သင်ထောက်ကူပစ္စည်းတွေက ကျောင်းသားတွေအတွက် မရှိမဖြစ် လိုအပ်တယ်။ အနည်းဆုံး Aircon ၊ Amplifier တော့ မရှိမဖြစ် လိုအပ်နေပြီ ဖြစ်ပါ တယ်။

ဒီစနစ်တွေအတွက်က ကျွန်တော်တို့ ကျောင်းသားတွေ၊ မိဘတွေဆီကပဲ ပြန်ပြီးတော့ အကူအညီပြုရမည် ဖြစ်ပါတယ်။ ကျွန်တော်တို့ မိဘတွေက ဒါတွေဟာ လိုအပ်တယ်ဆိုတာ သိပါတယ်။ ဒီ ပုဂ္ဂလိက ကျောင်းတွေမှာ ကျောင်းသားတစ်ဦးကို လခ(၁)သိန်းလောက် ပေးရတယ်ဆိုတာ သိပါတယ်။ ဒါ

အစိုးရကျောင်းတွေမှာ တတ်နိုင်တဲ့ မိဘတွေကလည်း ကိုယ့်ရဲ့ ရင်သွေး ကျောင်းသားတွေအတွက်က လိုအပ်နေပြီ။ ဒါတွေအတွက် မိဘတွေဘက်က လှူချင်၊ တန်းချင်တဲ့ ဆန္ဒရှိတဲ့ မိဘတွေကလည်း ကျွန်တော်တို့ သိပါတယ်။ ဒါကို ပညာရေးဝန်ကြီးဌာနက လက်ခံပေးဖို့ပါ။ ကိုယ်မလုပ်နိုင်တဲ့ အလုပ်ကို လုပ်နိုင်တဲ့ သူဆီက အကူအညီတောင်းပြီးတော့ ပညာရေးလောကကြီးကို မြှင့်တင်ဖို့ ဖြစ်ပါတယ်။

ဒါကြောင့် ပညာရေးလောကရဲ့ သင်ထောက်ကူပစ္စည်းဖြစ်တဲ့ Aircon ၊ Amplifier တွေ၊ ဒီ Audio ၊ Video ပိုင်းနဲ့ဆိုင်တဲ့ပစ္စည်းတွေ၊ မီးပိုင်းဆိုင်ရာပစ္စည်းတွေကို ဒီ ကျောင်းသားမိဘ အဖွဲ့အစည်းတွေနဲ့ အလှူရှင်ကျောင်းသားမိဘတွေ ပေါင်းစပ်ပြီးတော့ ပညာရေးအဆင့်အတန်း မြှင့်တင်ပေးဖို့အတွက် ကျွန်တော်တို့ အစီအစဉ် လိုအပ်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ အစီအစဉ်မျိုးကို ပညာရေးဝန်ကြီးဌာနက လက်ခံခွင့်ပြုပေးပါနိုင်ရန်အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဆိပ်ဖြူမြို့နယ်၊ ပင်းတလဲကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ဆိပ်ဖြူမြို့နယ်၊ ပင်းတလဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ဆိပ်ဖြူမြို့နယ်၊ ပင်းတလဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိပ်ဖြူမြို့နယ်မှာရှိတဲ့ ပင်းတလဲကျေးရွာဟာ ဆိပ်ဖြူမြို့မှ (၈)မိုင်ကွာဝေးပြီးတော့ ဆိပ်ဖြူ ချောင်းမကြီး၊ မယ်ဇလီကွေ့၊ ပင်းတလဲလမ်းပေါ်မှာ တည်ရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ ဆိပ်ဖြူမြို့နယ်နဲ့ ပေါက်မြို့နယ် ဆက်သွယ်သွားလာတဲ့ လမ်းနဲ့ ယောချောင်းတို့ရဲ့ အကြားမှာ တည်ရှိတဲ့ ကျေးရွာ ဖြစ်ပါတယ်။ ပင်းတလဲကျေးရွာမှာ အိမ်ခြေ(၃၈၀)ရှိပြီးတော့ ကျေးရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ အထက်တန်းကျောင်း(ခွဲ)မှာ သက်တမ်းအားဖြင့် (၁၂)နှစ်ရှိပြီ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ စာသင်နှစ်မှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားစုစုပေါင်း(၅၀၆) ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။

အထက်တန်းပညာသင်ကြားတဲ့ ကျောင်းသားဦးရေမှာ (၁၅၇)ဦးသာ ရှိသော်လည်း လာမယ့် စာသင်နှစ်မှာ ပိုမိုများပြားလာမှာ ဖြစ်ပါတယ်။ ပင်းတလဲ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်တဲ့ ပင်းတလဲ၊ ဆင်နီတောင်၊ ဒေါ်သာ၊ ချင်းငယ်၊ ချိုက်၊ မြင်းစကော၊

မယ်ဇလီကွေ့၊ ကျောက်စောင်း၊ ရွာသစ်စတဲ့ ကန်ကြီးတောင်နဲ့ ယောချောင်းပတ်ဝန်ကျင် ကျေးရွာများမှာ ကျောင်းသား/ကျောင်းသူ(၄၀၀)ခန့် လာရောက်ပညာသင်ကြားလျက်ရှိပါတယ်။ တောင်ကုန်း၊ လှိုမြောင် များအကြားမှာ တည်ရှိတဲ့ ဒေသဖြစ်ပါသဖြင့် တစ်ရွာနဲ့ တစ်ရွာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဒေသ ကလေးငယ်များဟာ အထက်တန်းပညာအား ဆိပ်ဖြူကို သွားရောက်ပညာသင်ကြားမည်ဆိုပါက လမ်းလျှောက်ချိန် (၂)နာရီခန့် ကြာမြင့်မှာ ဖြစ်ပါတယ်။

လက်ရှိ ကျောင်းအကျယ်အဝန်းမှာ (၁၃.၁၃)ဧက ကျယ်ဝန်းပြီးတော့ စာသင်ကျောင်းဆောင်၊ စာသင်ခန်း အရေအတွက်၊ ကျောင်းသားပရိဘောဂများ ပြည့်စုံလုံလောက်မှုရှိပြီး ဒေသခံပြည်သူများမှာ လည်း ပညာရေးကိုစိတ်ဝင်စားပြီး အထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်း၏လိုအပ်ချက်များအား ဝိုင်းဝန်းကူညီ ပံ့ပိုးဖြည့်ဆည်းပေးကြမှာ ဖြစ်ပါတယ်။ အဆင့်တိုးမြှင့်ရေး အတွက်လည်း ဆိပ်ဖြူမြို့နယ်၊ ပညာရေးမှူးမှတစ်ဆင့် အဆင့်ဆင့် တင်ပြထားပြီးလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပင်းတလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသော ဒေသဖြစ်ခြင်း၊ ပညာရေးအဆင့်နိမ့်ကျသော ကျေးလက်ဒေသဖြစ်ခြင်းနှင့် ဆင်းရဲနွမ်းပါးသော ဒေသဖြစ်ခြင်းတို့ကြောင့် ပညာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော ကျောင်းသားဦးရေ ပြည့်မီရေး မူဝါဒအား ဖြေလျှော့ပေးပြီး အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးရန် အစီ အစဉ် ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့် ပညာသင်နှစ်တွင် ဆောင်ရွက်ပေးမည်ကို ဒေသခံပြည်သူများ ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၆။**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဂါရဝပြု ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာ ဇော်မင်းအောင် က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး (၃)ဦးရဲ့ မေးခွန်းများနဲ့စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစတီဗင်သာဘိတ် ရဲ့ တိုင်းရင်းသားဘာသာစကား သင်ကြားရာမှာ စာသင်ချိန်ပြင်ပ၌ သင်ကြားရန် ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာကျေးရွာရပ်ကွက်မှ မိမိဘာသာစကားမတတ်သော လူကြီးလူငယ် အားလုံးကို တစ်စုတစ်စည်း တစ်ချိန်တည်း သင်ကြားပေးသော ဆရာ၊ ဆရာမများအား လုပ်အားခ ထောက်ပံ့ကြေးပေးရန်နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ တိုင်းရင်းသားဘာသာစကား သင်ကြားပို့ချပေးတဲ့ ဆရာ၊ ဆရာမများကို နိုင်ငံတော်ဘဏ္ဍာငွေမှ ချီးမြှင့်ကျခံပေးရန် အစီအစဉ်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တိုင်းရင်းသားဘာသာသင်ကြားသူ ဆရာ၊ဆရာမများအား ချီးမြှင့်ငွေများပေးအပ်နိုင်ရန်အတွက် ငွေကျပ်သန်း(၁၂၀၀)ထည့်သွင်းထားပြီးတော့ သင်ကြားချိန်ပေါ်မှာ မူတည်ပြီးတော့ ချီးမြှင့်ငွေများအား သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးမှတစ်ဆင့် တင်ပြစေပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ စိစစ်ခွင့်ပြုချက်ဖြင့် ချီးမြှင့်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့ ဒုတိယမြောက်မေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဖုန်းမြင့်အောင် ရဲ့ စာသင်ခန်းများမှာ သင်ကြားရေးအထောက်အကူပစ္စည်းများအား လှူဒါန်းပါက တပ်ဆင်သုံးစွဲခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဆက်လက် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ဒီဂရီကောလိပ်များအတွက် အလှူရှင်များက နှောင်ကြိုးမဲ့ လှူဒါန်းတဲ့မည်သည့်လှူဒါန်းမှုမျိုးမဆို လက်ခံနိုင်ပါတယ်။ ပညာရေးမြင့်မားစေရန်အတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် မိမိလှူဒါန်းလိုမှုများကို သက်ဆိုင်ရာကျောင်းအုပ်မှ တစ်ဆင့် အဆင့်ဆင့် တင်ပြ မှတ်တမ်းထားရှိ ထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ နောက်ဆုံးမေးခွန်းတစ်ခုဖြစ်တဲ့မကွေးတိုင်းဒေသကြီး၊အမှတ်(၉)မဲဆန္ဒနယ်၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသော်ဇင်ဦးရဲ့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ပင်းတလဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ပင်းတလဲကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား (၁၃၃)ဦးသာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရန်အတွက် အထက်တန်းအဆင့်သင်ကျောင်းသား(၂၀၀)ဦးနှင့်အထက် ရှိရမည်ဖြစ်ပါတဲ့အတွက် သတ်မှတ်မူဘောင်နှင့် ကိုက်ညီမှုမရှိသေးပါသဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ပေးနိုင်သေးခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျာ။

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၀၁ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၁၆ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၆။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်း ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးမယ့် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ကျန်းမာရေး ဝန်ကြီးဌာနက ပြောစရာရှိရင် သဘောတူ/မတူ မေးတဲ့အချိန်မှာ မိုက်တောင်းပြီးပြောနိုင်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် - အပိုဒ် ၂ (ဃ)(င)

၂။ (ဃ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာနကို ဆိုသည် ဟု ဖြည့်စွက်ထားပါတယ်။

(င) ကြက်ခြေနီ အခြေခံမူများဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှု၏ အခြေခံမူခုနစ်ချက်ဖြစ်သော လူသားချင်း စာနာထောက်ထားခြင်း၊ ခွဲခြား မှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံး ညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခြင်းတို့ကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ဃ)(င) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ (ဃ)(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၆၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃

၆။ အသင်းသည် နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေများနှင့်အညီ ဂျီနီဗာ သဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီညီလာခံက အတည်ပြုသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အမြဲတမ်း လိုက်နာ လုပ်ကိုင်ဆောင်ရွက်ရမည်။

၈။ ကြက်ခြေနီလှုပ်ရှားမှုအတွင်း သဘောတူထားသည့် သက်ဆိုင်ရာ လမ်းညွှန်ချက်များ၊ မူဝါဒများနှင့်အညီ လူမှုကရုဏာ လုပ်ငန်းများကို တူညီသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရာတွင် အခြားလူမှုကရုဏာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၉။ အသင်းသည် လူမှုကရုဏာ လုပ်ငန်းနယ်ပယ်များတွင် နိုင်ငံတော်၏ အရန်အင်အားအဖြစ် ပါဝင် ဆောင်ရွက်ပေးခြင်းဖြင့် အပြန်အလှန် တာဝန်ယူမှုနှင့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေရန် ပူးပေါင်း ဆောင်ရွက်ရမည်။

၁၀။ အသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီ ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများက သဘောတူထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အသင်း၏ လူသားချင်း စာနာထောက်ထားသော ဝန်ဆောင်မှုလုပ်ငန်းများကို အမြဲတမ်း ဆောင်ရွက်ပေးနိုင်ရမည်။

၁၁။ အစိုးရအဖွဲ့သည် အသင်း၏ စေတနာ့ဝန်ထမ်း ဆောင်ရွက်မှုနှင့် လွတ်လပ်သော သဘောသဘာဝကို အလေးထား၍ ရည်ရွယ်ချက်များ အောင်မြင်ရန် အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ကူညီ ထောက်ပံ့ပေးရမည်။

၁၂။ အသင်းသည် အစိုးရအဖွဲ့နှင့် ဆက်သွယ် ဆောင်ရွက်ရာတွင် လည်းကောင်း၊ လူမှုကရုဏာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ အစိုးရအဖွဲ့က ဝန်ကြီးဌာနမှတစ်ဆင့် လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။

၁၃။ အသင်းသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသင်း၏ အမည်ဖြင့် တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၄(က)(ခ)(င)(ဆ)

၁၄။ (က) ဂျီနီဗာ သဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲ သဘောတူညီချက်များနှင့်အညီ နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ကြက်ခြေနီ အသင်းဖြစ်သည့်အားလျော်စွာ ဥပဒေနှင့်အညီ အသင်း၏ လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး၌ဖြစ်စေ၊ နိုင်ငံတကာ နယ်ပယ်၌ဖြစ်စေ ဆောင်ရွက်နိုင်စေရန်၊

(ခ) လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ အသားအရောင်၊ အဆင့်အတန်း၊ ဆင်းရဲချမ်းသာ၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ နိုင်ငံရေးအယူဝါဒတို့ ခွဲခြားခြင်း အလျဉ်းမရှိစေဘဲ မည်သူ့ကိုမဆို ကူညီစောင့်ရှောက်ရန်၊

(င) အသင်းသည် သဘာဝဘေးအန္တရာယ်များ၊ လူ့ပယောဂကြောင့် ဖြစ်စေသောဘေးအန္တရာယ်များနှင့် အခြား အရေးပေါ်ကိစ္စများတွင် အမျိုးသားအဆင့် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှု အစီအစဉ်များ၌ ပါဝင် ဆောင်ရွက်ရန်၊

(ဆ) လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များကြောင့် လူသားချင်း စာနာထောက်ထားမှုလိုအပ်နေသည့် အခြေအနေများတွင် ကွဲကွာနေသော ပြည်သူများအကြား မိသားစုအဆက်အသွယ်များ ပြန်လည် ရရှိရေးအတွက် ထိရောက်သော အမျိုးသား အဆင့်လုပ်ငန်းကွန်ရက်ကို စီမံဆောင်ရွက်ရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄(က)(ခ)(င)(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄(က)(ခ)(င)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၁၆

၁၆။ အသင်းကို ဖွဲ့စည်းတည်ထောင်ရာတွင်ဖြစ်စေ၊ ကြက်ခြေနီ အခြေခံမူများနှင့်အညီ လူမှုကရုဏာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်ဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အကူအညီလိုအပ်ပါက အစိုးရအဖွဲ့က စီစဉ် ဆောင်ရွက်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၁၈ (က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၁၉ (က)(ခ)၊ အပိုဒ် ၂၁

၁၈။ (က) နေပြည်တော်ကောင်စီနယ်မြေက ရွေးချယ် တင်မြှောက်သော ကိုယ်စားလှယ်တစ်ဦး၊

( ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ် တစ်ဦးစီ၊

(ဂ) ကြက်ခြေနီလုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနများမှ အဆိုပြုသည့် ညွှန်ကြားရေးမှူးချုပ် ရာထူးအောက် မနိမ့်သော ကိုယ်စားလှယ် (၁၃)ဦး၊

(ဃ) ကြက်ခြေနီလုပ်ငန်းနှင့် ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများမှ ရွေးချယ် တင်မြှောက်သည့် (၁၀)ဦး ထက် မပိုသော ကိုယ်စားလှယ်များ၊

( င) အစိုးရအဖွဲ့က အဆိုပြုသူ (၁၀)ဦး၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီနှင့် နေပြည်တော်ကောင်စီ နယ်မြေ ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီတို့မှ အဆိုပြုသော ကြက်ခြေနီ အသင်းဝင် တစ်ဦးစီ။

၁၉။ (က) ဗဟိုကောင်စီသည် ဗဟို ကောင်စီဝင်များထဲမှ အဖွဲ့ဝင် (၁၁)ဦး ပါဝင်သော ဗဟို အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

(ခ) ပုဒ်မခွဲ (က) အရ ရွေးချယ် တင်မြှောက်ခြင်းခံရသည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် မိမိတို့ အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ တစ်ဦး၊ အထွေထွေအတွင်းရေးမှူး တစ်ဦး၊ အချိန် ပြည့် ဗဟိုအလုပ်အမှုဆောင်နှစ်ဦးနှင့် အချိန်ပိုင်း ဗဟိုအလုပ်အမှုဆောင် ခြောက်ဦးတို့ကို ရွေးကောက်တင်မြှောက် ရမည်။

၂၁။ ဗဟိုကောင်စီနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့တို့၏ တာဝန်များသည် အထွေထွေ ညီလာခံ က ဗဟိုကောင်စီနှင့် ဗဟိုအလုပ် အမှုဆောင် အဖွဲ့အသစ်တို့ကို ရွေးချယ်ပြီးသည့် နေ့ရက်တွင် ကုန်ဆုံးသည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈ (က)(ခ)(ဂ) (ဃ)(င)(စ)၊ အပိုဒ် ၁၉ (က)(ခ)၊ အပိုဒ် ၂၁ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈ (က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၁၉ (က)(ခ)၊ အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၂၂ (ခ)(ဂ)(င)

၂၂။ (ခ) အထွေထွေညီလာခံသည် အသင်း အဆင့်ဆင့် အားလုံးကို ကိုယ်စားပြုသည်။

(ဂ) အထွေထွေညီလာခံတွင် ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ဗဟိုကောင်စီနှင့် ဗဟိုအလုပ် အမှုဆောင်အဖွဲ့ကို ရွေးချယ် တင်မြှောက်ရမည်။

(င) အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ဤဥပဒေကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ တင်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၂ (ခ)(ဂ)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂ (ခ)(ဂ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် - အပိုဒ် ၂၃ (ဂ)(ဃ)(စ)(ဆ)(ဇ)(ဈ)၊ အပိုဒ် ၂၄

၂၃။ (ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

(ဃ) ဗဟိုကောင်စီသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နေရာလစ်လပ်ပါက အဖွဲ့ဝင်အသစ်ကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပေးရမည်ဟု ဖြည့်စွက်ထားပါတယ်။

(စ) လိုအပ်ပါက လုပ်ငန်း ကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဆ) နှစ်စဉ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းကို စိစစ် အတည်ပြုရမည်။

(ဇ) အသင်း၏ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ စိစစ် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဈ) ဇဟိုအလုပ်အမှုဆောင်အဖွဲ့က တင်ပြသော အသင်းပိုင်ငွေနှင့် ပစ္စည်းဆုံးရှုံးမှုအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ တန်ဖိုးကို စာရင်းမှ ပယ်ဖျက်ခွင့် ရှိသည်။

၂၄။ ဇဟိုကောင်စီသည် ဤဥပဒေပါကိစ္စများ အထမြောက် အောင်မြင်စေရန် ပြဋ္ဌာန်းလိုသော နည်းဥပဒေများကို ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၃ (ဂ)(ဃ)(စ) (ဆ)(ဇ)(ဈ)၊ အပိုဒ် ၂၄ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃ (ဂ)(ဃ)(စ)(ဆ)(ဇ)(ဈ)၊ အပိုဒ် ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်- အပိုဒ် ၂၅ (က)(ခ)(ဃ) (စ)(ဈ)(ည)(ဋ)(ဌ)(တ)

၂၅။ (က) အသင်း၏ စီမံခန့်ခွဲရေး လုပ်ငန်းများကို ဆောင်ရွက် ရမည်။

(ခ) ဇဟိုကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ အသင်းအဆင့်ဆင့်၏ လုပ်ငန်း ဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

(ဃ) နှစ်စဉ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲ၍ ဇဟိုကောင်စီသို့တင်ပြရမည်။

(စ) အသင်း၏ကိုယ်စား ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ လက်ခံရယူခြင်း၊ ငှားရမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်သည့်အတိုင်း ပဋိညာဉ် စာချုပ် ချုပ်ဆိုခွင့် ရှိသည်။

(ဈ) လိုအပ်ပါက လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ည) အသင်းက ဝယ်ယူမည့် သို့မဟုတ် ရောင်းချမည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဇဟိုကောင်စီ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက် ရမည်။

(ဋ) အသင်းပိုင်ငွေ သို့မဟုတ် ပစ္စည်းဆုံးရှုံးမှုအတွက် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများတွင် သတ်မှတ် သည့်တန်ဖိုးကို စာရင်းမှ ပယ်ဖျက်ရန် ဗဟိုကောင်စီသို့ တင်ပြရမည်။

(ဌ) လူမှုကရုဏာ လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများကို ဂုဏ်ထူးဆောင် တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို ချီးမြှင့်ခွင့် ရှိသည်။ နိုင်ငံတကာ အဆင့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်နိုင်ရေးအတွက် ထောက်ခံ တင်ပြခွင့် ရှိသည်။

(တ) အသင်းဝင်နှင့် ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်တို့ကို ပြည်ပသို့ စေလွှတ်ခြင်း၊ ပြည်ပမှ ပုဂ္ဂိုလ်များကို ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၅ (က)(ခ)(ဃ)(စ)(ဈ)(ည)(ဋ)(ဌ)(တ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၅ (က)(ခ)(ဃ) (စ)(ဈ)(ည)(ဋ)(ဌ)(တ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်- အပိုဒ် ၂၇၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃

၂၇။ ဝန်ကြီးဌာနသည် အသင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်း နယ်ပယ်များအတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သင့်လျော်သော ရန်ပုံငွေ လျာထားပေးနိုင်ရေး အတွက် အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၉။ အသင်းသည် ထောက်ပံ့ငွေနှင့်အကူအညီများကို ပြည်တွင်း၊ ပြည်ပ အစိုးရအဖွဲ့များထံမှ ဖြစ်စေ၊ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများထံမှဖြစ်စေ၊ တစ်ဦးချင်းထံမှဖြစ်စေ လက်ခံ၍ သတ်မှတ် ချက်များနှင့်အညီ သုံးစွဲခွင့် ရှိသည်။

၃၁။ အိမ်ခြံမြေများ အပါအဝင်အသင်း၏ ဥပဒေနှင့် အညီ ပိုင်ဆိုင် ပစ္စည်းများနှင့် ရန်ပုံငွေ ရှာဖွေရေး လုပ်ငန်းများမှ ဝင်ငွေများအပေါ်တွင် အခွန်အကောက်များ စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့် ရရှိရန် ဝန်ကြီးဌာနမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၃၂။ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့၏ လျှုဒါန်းငွေနှင့် ပစ္စည်းများ အပေါ် အခွန်ကင်းလွတ်ခွင့် ရရှိစေရန် ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၃၃။ အသင်းသည် အသင်းပိုင်ပစ္စည်းများ၊ ရန်ပုံငွေများ၊ ဘဏ္ဍာငွေသုံးစွဲရေး ဆိုင်ရာကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နှစ်စဉ်စာရင်း စစ်ဆေးခြင်းကို ခံယူရမည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၇၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၇၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်- အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆

၃၄။ အသင်းသည် ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲ သဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ ညီလာခံက အတည်ပြုသည့် အမျိုးသားအသင်းများ ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ ညီလာခံက ချမှတ်ထားသော ရည်ရွယ်ချက် အားလုံးအတွက် အတည်ပြုသည့် အောက်ပါ ကြက်ခြေနီ အမှတ်အသားကို အသင်းက သုံးစွဲခွင့် ရှိသည် -

၃၅။ အသင်းသည် အောက်တွင် ဖော်ပြထားသည့်အတိုင်း အဖြူရောင်နောက်ခံပေါ်တွင် ကြက်ခြေနီ အမှတ်အသားနှင့်အတူ ခြသေ့်နှစ်ကောင် ကျောချင်းကပ်လျက် ပါဝင်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းဟု မြန်မာစာဖြင့် ရေးသားထားသည့် အမှတ်တံဆိပ်ကို အသင်း၏ ကိုယ်ပိုင် အမှတ်တံဆိပ်၊ ရုံး တံဆိပ်နှင့် အလံတို့တွင် အသုံးပြုခွင့်ရှိပြီး ယင်းအမှတ်တံဆိပ်သည် အသင်း၏ မူပိုင် ဖြစ်သည်ဟု ပြင်ဆင်ထားပါတယ်။

၃၆။ အသင်းသည် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါအမှတ်တံဆိပ်ကို အသုံးပြုရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်- အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁

၃၇။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေအရ ဖွဲ့စည်းထားသည့် ကြက်ခြေနီ ဗဟိုကောင်စီသည် ဤဥပဒေအရ ဖွဲ့စည်းသည့် ကြက်ခြေနီ ဗဟိုကောင်စီကို ဖွဲ့စည်းရန် အလို့ငှာ ကြက်ခြေနီညီလာခံကို ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း ခေါ်ယူကျင်းပရမည်။

၃၈။ အသင်းသည် ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေအရ ဖွဲ့စည်းခဲ့သော ကြက်ခြေနီ ဗဟိုကောင်စီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ယင်းကောင်စီ၏ ဆောင်ရွက်ပြီး လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီး ဆက်ခံရမည် ဟု ဖြည့်စွက်ထားပါတယ်။

၄၀။ ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အလို့ငှာ အသင်းသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ ၁၉၅၉ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း အက်ဥပဒေ (၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁ သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်က ဥပဒေကြမ်း၏ အပိုဒ် ၂၅(ဍ)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက် ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အနုညာတ စီရင် ဆုံးဖြတ်ခြင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ပြည်သူ့လွှတ်တော်က ပေးပို့လာတဲ့ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်း ကို ဇွန်လ ၁၆၊ ၁၇ ရက် နဲ့ ၁၈ ရက် နေ့များမှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်က ပညာရှင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊

ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့က တာဝန်ရှိ ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံပြီးတော့ (၃)ကြိမ် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ (၃)ကြိမ် ဆွေးနွေးညှိနှိုင်း ခဲ့တဲ့အခါမှာ ပြင်ဆင်သင့်တဲ့ အချက်တွေကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥပဒေတစ်ရပ်လုံးမှာရှိတဲ့ သုံးနှုန်းထားတဲ့ အသုံးအနှုန်းတွေထဲကမှ အရေးအသား မှန်ကန်စေရန်အတွက် အနုညာတ စီရင် ဆုံးဖြတ်ရာ ဒေသဆိုတဲ့ စကားရပ်အစား အနုညာတ စီရင်ဆုံးဖြတ်ရာနေရာ၊ အငြင်းပွားသူတစ်ဦး ဆိုတဲ့နေရာမှာ အငြင်းပွားသူတစ်ဦးဦး၊ မြန်မာနိုင်ငံ၏အများပြည်သူဆိုင်ရာမူဝါဒ ဆိုတဲ့နေရာမှာ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဆိုတဲ့နေရာတွေမှာတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆိုတဲ့ စကားရပ်တွေနဲ့ ပြောင်းလဲသင့်ကြောင်း တင်ပြလို ပါတယ်။

နိဒါန်းပိုင်းလေးကိုတော့ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည် ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်ဖို့ တင်ပြလိုပါတယ်။ အခန်း(၁)အခန်းခေါင်းစဉ်ကိုတော့ အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် လို့ ပြင်ဆင်သင့်ပါတယ်။ အပိုဒ် ၁ အစုခေါင်းစဉ်ကိုတော့ အမည်လို့ ပြင်ဆင်ပြီးတော့ အပိုဒ် ၂ အစုခေါင်းစဉ် အဖြစ် သက်ဆိုင်ခြင်း လို့ အသစ်ဖြည့်စွက်ဖို့ တင်ပြလိုပါတယ်။ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၊ အပိုဒ်ခွဲ (စ)ကိုတော့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်တွင် အငြင်းပွားမှုများကို ဖြေရှင်းနိုင်သည့် ပြဋ္ဌာန်းချက်များရှိပါက ဤဥပဒေနှင့် မသက်ဆိုင်စေရ။ အပိုဒ် ၃၊ အပိုဒ်ခွဲ(က) ကိုတော့ နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည် လို့ အသစ်ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၇၊ အပိုဒ်ခွဲ(က) ကိုတော့ အနုညာတ သဘောတူညီချက်ဆိုသည်မှာ ပဋိညာဉ်အရဖြစ်စေ၊ ပဋိညာဉ်အရမဟုတ်သည်ဖြစ်စေ ဥပဒေနှင့် ညီညွတ်သော ဆက်စပ်မှုများအကြားမှ ပေါ်ပေါက်ခဲ့သော သို့မဟုတ် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှု အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ အနုညာတစီရင် ဆုံးဖြတ်မှုခံယူရန် အငြင်းပွားသူများက စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ဆိုသည်လို့ ပြင်ဆင်သင့်ပါတယ်။ အပိုဒ် ၂ ကိုတော့ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုသည်မှာ အနုညာတစီရင် ဆုံးဖြတ်မှုနှင့်စပ်လျဉ်းသော အငြင်းပွားမှုကို တစ်ဦးတည်းသောခုံသမာဓိ သို့မဟုတ် ခုံသမာဓိ အဖွဲ့ဖြင့် စီရင်ဆုံးဖြတ်ခြင်းကို ဆိုသည်။ အပိုဒ်ခွဲ (ဆ) အပိုဒ်ခွဲငယ်(၁)ကိုတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းသည် အပိုဒ်ခွဲငယ်(၃)ကိုတော့ လုပ်ငန်းတာဝန်များအနက်၊ အပိုဒ်ခွဲ(ဇ)ကိုတော့ နယူးယောက်ကွန်ဗင်းရှင်းဆိုသည်မှာ ကမ္ဘာ့ကုလသမဂ္ဂ သံတမန်ညီလာခံက ၁၀-၆-၁၉၅၈ ရက်နေ့တွင် နယူးယောက်မြို့၌ချမှတ်ခဲ့သော နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းကိုဆိုသည်။ အပိုဒ် ၃၊ အပိုဒ်ခွဲ (ဈ) အနေနဲ့ကတော့ နိုင်ငံခြားအနုညာတဆုံးဖြတ် ချက်ဆိုသည်မှာ နိုင်ငံတော်မှအပ နယူးယောက်ကွန်ဗင်းရှင်းဝင်နိုင်ငံတစ်နိုင်ငံ၏ နယ်မြေ ဒေသအတွင်း အနုညာတသဘောတူညီချက်အရ ပြုလုပ်သော အနုညာတဆုံးဖြတ်ချက် ကိုဆိုသည်။ အပိုဒ်ခွဲ(ဎ)ကိုတော့ အငြင်းပွားသူ ဆိုသည်မှာ အနုညာတ သဘောတူညီချက်တွင် ပါဝင်ချုပ်ဆိုထားသည့်စာချုပ်ဝင်ကို ဆိုသည်။ အပိုဒ်ခွဲ(ည) ကိုတော့ ယင်းစကားရပ်တွင် ကွယ်လွန်သူ၏ပစ္စည်းတွင် ကြားဝင်ဆောင်ရွက်သူ ဆိုတဲ့ စကားရပ်တွေနဲ့ အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါတယ်။

အခန်း(၁) အောက်မှာ အခန်း(၂) အဖြစ် ရည်ရွယ်ချက်များကို အသစ်ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၄ အနေနဲ့ပါ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများနှင့် နိုင်ငံတကာစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုတို့ကို မျှတစွာ နှင့် ထိရောက်စွာဖြေရှင်းနိုင်ရန်၊

(ခ) အငြင်းပွားမှုများအား အနုညာတနည်းဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံခြား အနုညာတဆုံးဖြတ်ချက်များကို အသိအမှတ်ပြုရန်နှင့် အတည်ပြု ဆောင်ရွက်ရန်၊

(ဂ) အငြင်းပွားမှုပြသနာများအား အနုညာတနည်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းကို အားပေးရန်။

အပိုဒ် ၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)နှင့် (၂) တို့ကိုတော့ ကျွန်တော်တို့က လိပ်စာရှင်၏ စီးပွားရေးလုပ်ငန်းတည်ရှိသည့်နေရာသို့ဖြစ်စေ အမြဲနေထိုင်သည့်နေရာ သို့မဟုတ် စာတိုက်လိပ်စာ တည်ရှိသည့်နေရာသို့ဖြစ်စေ တစ်ခါ အပိုဒ် ၄ မှာတော့ ကန့်ကွက်ခြင်းနှင့် ကန့်ကွက် ပိုင်ခွင့်ကိုစွန့်လွှတ်ခြင်း အဲဒီအပိုဒ် ၄ ရဲ့ အပိုဒ်ခွဲ (ခ)မှာပါပဲ ကန့်ကွက်ခြင်း မပြုဘဲဆိုတဲ့စကားရပ် နဲ့ အစားထိုး ပြင်ဆင် သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၅ မှာတော့ တရားရုံးကကြားဝင်ဆောင်ရွက်ခြင်းကို ကန့်သတ်ခြင်း အပိုဒ် ၆ မှာတော့ စီမံခန့်ခွဲရေးဆိုင်ရာ အကူအညီရယူခြင်းအပိုဒ် ၇ အပိုဒ်ခွဲ(ဂ)မှာတော့ တစ်ဖက် အငြင်းပွားသူက ငြင်းဆိုခြင်း မရှိလျှင်၊ အပိုဒ် ၈ အပိုဒ်ခွဲ(က)မှာတော့ အငြင်းပွားသည့် အဓိက အကြောင်းအရာနှင့်စပ်လျဉ်း၍ စာဖြင့်ရေးသားတင်ပြချက် တစ်စုံတစ်ရာစတင်တင်သွင်းသည့်အချိန်ထက် နောက်မကျစေဘဲ၊ အပိုဒ်ခွဲ(စ)မှာတော့ အယူခံဝင်နိုင်သည်၊ အပိုဒ် ၉ အပိုဒ်ခွဲ (ဃ) ကိုတော့ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အနုညာတခုံရုံးကဖြစ်စေ၊ အနုညာတအဖွဲ့အစည်းကဖြစ်စေ၊ အခြား အဖွဲ့အစည်း ကဖြစ်စေ၊ လုပ်ပိုင်ခွင့်မရှိသော ကိစ္စရပ်များလို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)နှင့် (ခ)ကိုတော့ အပိုဒ် ၁၂ အပိုဒ်ခွဲ(က)နှင့် (ခ)အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီးတော့ ၁၂(က) အငြင်းပွားသူများသည် ခုံသမာဓိဦးရေကိုလွတ်လပ်စွာ သတ်မှတ်နိုင်သည်။ သို့ရာတွင် ခုံသမာဓိဦးရေမှာ တစ်ဦးထက်ပိုလျှင် စုံဂဏန်းမဖြစ်စေရ၊ (ခ)ပုဒ်မခွဲ(က)တွင် ဖော်ပြသည့်အတိုင်း ခုံသမာဓိဦးရေကို သတ်မှတ်နိုင်ခြင်းမရှိလျှင် တစ်ဦးတည်းသော ခုံသမာဓိဖြင့် ဆောင်ရွက်ရမည်။

အပိုဒ် ၁၁ အပိုဒ်ခွဲ (ဂ)ကိုတော့ အငြင်းပွားသူများက ခုံသမာဓိခန့်ထားရန် နည်းလမ်းကို သဘောတူ သတ်မှတ်ထားလျှင် အဆိုပါနည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။ အငြင်းပွားသူ တစ်ဦးဦးက ပျက်ကွက်လျှင်ဖြစ်စေ၊ အငြင်းပွားသူများ သို့မဟုတ် ခန့်ထားခံရသော ခုံသမာဓိနှစ်ဦးက တတိယ ခုံသမာဓိခန့်ထားရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ယုံမှတ်အပ်နှံခံရသော တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဆောင်ရွက်ရန် ပျက်ကွက်ပြီး အနုညာတသဘောတူညီချက်တွင် ခုံသမာဓိခန့်ထားရန် အခြားနည်းလမ်းကိုလည်း ဖော်ပြထားခြင်းမရှိလျှင်ဖြစ်စေ အငြင်းပွားသူတစ်ဦးသည် ခုံသမာဓိခန့်ထား ပေးရန် တရားသူကြီးချုပ် သို့မဟုတ် ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံ လျှောက်ထားတောင်းဆိုနိုင်သည်လို့ ပြင်ဆင်သင့်ပါတယ်။ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲငယ် (၁)ကိုတော့ ခုံသမာဓိသုံးဦးပါဝင်သော အနုညာတစီရင်ဆုံးဖြတ်ခြင်း၌ အငြင်းပွားသူတစ်ဦးစီက ခုံသမာဓိ တစ်ဦးစီ ခန့်ထားရမည်။ ထိုသို့ ခန့်ထားခံရသော ခုံသမာဓိနှစ်ဦးသည် တတိယခုံသမာဓိတစ်ဦးကို

ခန့်ထားရမည်။ တတိယခုံသမာဓိသည် ခုံသမာဓိနာယကအဖြစ် ဆောင်ရွက်ရမည်။ အငြင်းပွားသူ တစ်ဦးသည် တစ်ဖက်အငြင်းပွားသူထံမှ ခုံသမာဓိ ခန့်ထားရန် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ခုံသမာဓိ တစ်ဦးကိုခန့်ထားနိုင်ခြင်းမရှိလျှင် သို့မဟုတ် ခံထားခံရသော ခုံသမာဓိနှစ်ဦးသည် ၎င်းတို့ ခံထားခံရသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ခုံသမာဓိနာယကကို ခံထားနိုင်ခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးဦးက လျှောက်ထားတောင်းဆိုပါက တရားသူကြီးချုပ်ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ ခုံသမာဓိခန့်ထားခြင်းကိုဆောင်ရွက်ရမည်လို့ ပြင်ဆင်သင့်ပါတယ်။ အပိုဒ်(င)ကိုတော့ ခုံသမာဓိတစ်ဦးဖြစ်ကြောင်း သေချာစေရန် လိုအပ်သည့်အချက်များ အလေးထားစဉ်းစားရမည် အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ဆ)မှာ ဖော်ပြထားချက်တွေ အစားကိုတော့ တရားသူကြီးချုပ်ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေဆိုတဲ့ စကားရပ်တွေနဲ့ ပြင်ဆင်သင့်ပါတယ်။ အပိုဒ်ခွဲ(ဇ)ကိုတော့ တရားသူကြီးချုပ်ကသော်လည်းကောင်း ၎င်းကရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကသော်လည်းကောင်းလို့ ပြင်ဆင်သင့်ပါတယ်။ အပိုဒ် ၁၂ ကို အပိုဒ် ၁၄ လို့ ပြင်ဆင်ပြီးတဲ့အခါမှာ အပိုဒ်ခွဲ (ခ)အနေနဲ့ ၁၄(ခ) ပုဒ်မခွဲ(က)အရ သံသယများဖြစ်ပေါ်စေနိုင်သော အခြေအနေများကို အငြင်းပွားသူများအား အသိပေးအကြောင်းမကြားခဲ့လျှင် ခုံသမာဓိတစ်ဦးသည် ခန့်ထားခံရသည့်အချိန်မှစ၍ အနုညာတစစ်ဆေးစီရင်ဆုံးဖြတ်မှု ဆောင်ရွက်နေစဉ်အတွင်း ထိုကဲ့သို့သော အခြေအနေများ ရှိကြောင်း အငြင်းပွားသူများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထုတ်ဖော်ပြောဆိုရမည်လို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

အပိုဒ် ၁၃ အပိုဒ်ခွဲ(က)မှာတော့ အငြင်းပွားသူများသည် ခုံသမာဓိတစ်ဦးအား ကန့်ကွက်ရန် နည်းလမ်းအပိုဒ် ၁၆ အပိုဒ်ခွဲ (ဂ) မှာတော့ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်လုပ်ကိုင်ကြောင်း စွပ်စွဲသည့် အကြောင်းအရာများပေါ်ပေါက်လျှင် အငြင်းပွားသူတစ်ဦးဦးက ချက်ချင်းလျှောက်ထား ရမည် အပိုဒ်ခွဲ(ဃ)မှာတော့ လျှောက်ထားမှုများတွင် အပိုဒ်ခွဲ(င)မှာ ဖော်ပြထားတဲ့ စကားရပ်တွေ အစားကိုတော့ အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ)နှင့်(ဂ)တို့အရ လျှောက်ထားချက်များအပေါ် ပဏာမငြင်းချက်ကဲ့သို့ဖြစ်စေ၊ ဆုံးဖြတ်ချက်ချမှတ်သကဲ့သို့ဖြစ်စေ ဆုံးဖြတ်နိုင်သည်။ အကယ်၍ အနုညာတ ခုံရုံးက စီရင်ပိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်သည်ဖြစ်စေ၊ မရှိကြောင်း ဆုံးဖြတ်သည်ဖြစ်စေ၊ အဆိုပါဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသော အငြင်းပွားသူသည် ရက်ပေါင်း (၃၀)အတွင်း ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၂) အရ တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်လို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၁၇ မှာ ပါရှိတဲ့ စကားရပ်နေရာမှာတော့ ကြားဖြတ်အမိန့်များချမှတ်ရန် အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့်အပိုဒ်ခွဲ (က)မှာတော့ ဆုံးဖြတ်ချက်၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ အပိုဒ်ခွဲ(ဂ)မှာတော့ သင့်သည်ဟု ထင်မြင်သည့်အတိုင်း သက်သေ စစ်မေးခြင်း၊ အပိုဒ်ခွဲ (င)မှာတော့ အနုညာတ ခုံရုံး၏ဆုံးဖြတ်ချက်၊ အမိန့်နှင့် ညွှန်ကြားချက်များသည်၊ အပိုဒ် ၁၈ မှာတော့ ပျက်ကွက်မှုသည် ထိုက်သင့်သောသတိပြုခြင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက ဆိုတဲ့ စကားရပ်တွေကို အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

အပိုဒ် ၂၀ အပိုဒ်ခွဲ(က)ကိုတော့ အငြင်းပွားသူများသည် အနုညာတခုံရုံးက အနုညာတ စီရင်ဆုံးဖြတ်မှုကို ဆောင်ရွက်ရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။ အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ)ကိုတော့ ပုဒ်မခွဲ

(က)နှင့် (ခ)တို့တွင် အနုညာတစီရင်ဆုံးဖြတ်ရန်နေရာကို သတ်မှတ် ထားစေကာမူ အနုညာတခုံရုံးသည် ခုံသမာဓိများအချင်းချင်း ဆွေးနွေးညှိနှိုင်းနိုင်ရန်၊ သက်သေများ၊ ကျွမ်းကျင်သူများနှင့် အငြင်းပွားသူများကို စစ်ဆေးကြားနာနိုင်ရန် သို့မဟုတ် စာရွက်စာတမ်းများ၊ ကုန်ပစ္စည်းများ သို့မဟုတ် အခြားပစ္စည်းများကို စစ်ဆေးနိုင်ရန် အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် သင့်လျော်ရာဒေသတစ်ခုခုတွင် တွေ့ဆုံဆောင်ရွက်နိုင်သည်။ အပိုဒ် ၂၂ ကိုတော့ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အငြင်းပွားမှုနှင့် စပ်လျဉ်းသည့် အနုညာတ စီရင်ဆုံးဖြတ်မှုသည် တောင်းဆို ခြင်းခံရသူက ထိုအငြင်းပွားမှုကို အနုညာတစီရင်ဆုံးဖြတ်ရန်အတွက် လွှဲအပ်ရန် တောင်းဆိုချက်အား လက်ခံရရှိသည့်နေ့မှ စတင်သည်။ အပိုဒ် ၂၃ အပိုဒ်ခွဲ (ခ)မှာတော့ အငြင်းပွားသူများက သဘောတူ သတ်မှတ်နိုင်ခြင်းမရှိလျှင်၊ အပိုဒ် ၂၄ အပိုဒ်ခွဲ (ခ) မှာတော့ စာတမ်းအမှတ်အသားများနှင့် အခြားသက်သေ ခံချက်များအားလုံးကို တင်သွင်းနိုင်သည်။ အပိုဒ် ၂၅ အပိုဒ်ခွဲ (က)မှာတော့ အခြားသက်သေခံချက်များအပေါ် အခြေပြု၍၊ အပိုဒ်ခွဲ(ဂ)မှာတော့ စာတမ်းအမှတ်အသား မိတ္တူများကို အငြင်းပွားသူများထံ၊ အပိုဒ် ၂၇ မှာတော့ အငြင်းပွားသည့် အချက်များနှင့်စပ်လျဉ်း၍ သက်သေတင်ပြခွင့်ရှိစေရမည်။ အပိုဒ် ၂၈ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ် (၁)မှာတော့ အငြင်းပွားသူများနှင့်၊ အပိုဒ်ခွဲ(ခ)မှာတော့ ပစ္စည်း၏ဖော်ပြချက်နှင့် အမျိုးအစား အဲဒီလို ပြင်ဆင်သင့်ပြီးတော့ အပိုဒ်ခွဲငယ်(၅) အဖြစ်တော့ အနုညာတခုံရုံး သို့မဟုတ် အငြင်းပွားသူ တစ်ဦးဦးက လိုအပ်သည်ဟု ယူဆသည့် အခြားစာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံချက်များဆိုတဲ့ စကားရပ်ကိုတော့ အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါတယ်။

အပိုဒ် ၂၉ ရဲ့ အစုခေါင်းစဉ်ကတော့ အနုညာတခုံရုံး၏ ကြားဖြတ်ဆုံးဖြတ်ချက်များကို တရားရုံးက အတည်ပြု ဆောင်ရွက်ခြင်း လို့ ပြင်ဆင်သင့်ပါတယ် ။အပိုဒ် ၂၉ ကိုတော့ အပိုဒ် ၃၁ အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီးတော့၊ ၃၁(က) အနုညာတ စစ်ဆေးစီရင်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း၌ဖြစ်စေ သို့မဟုတ် နိုင်ငံတော်ပြင်ပ၌ဖြစ်စေ၊ အနုညာတခုံရုံးက ချမှတ်သည့် ကြားဖြတ်ဆုံးဖြတ်ချက်များကို တရားရုံး၏အမိန့်နှင့် ဆုံးဖြတ်ချက်ကဲ့သို့ တရားရုံးက အတည်ပြု ဆောင်ရွက်နိုင်သည်။ (ခ)နိုင်ငံတော်ပြင်ပ၌ ပြုလုပ်သည့် အနုညာတစစ်ဆေးစီရင်ခြင်းနှင့်စပ်လျဉ်း၍ ချမှတ်သည့် ကြားဖြတ်ဆုံးဖြတ်ချက်ကို အတည်ပြုရန် လျှောက်ထားသူသည် အဆိုပါ ဆုံးဖြတ်ချက်မှာ နိုင်ငံတော်အတွင်း၌ ပြုလုပ်သည့် ဆုံးဖြတ်ချက် အမျိုးအစားအတိုင်းဖြစ်ကြောင်း သက်သေထင်ရှားမပြနိုင်ပါက တရားရုံး သည် အဆိုပါဆုံးဖြတ်ချက်ကို အတည်ပြုရန် ခွင့်ပြုခြင်း မပြုရ။ (ဂ)ပုဒ်မခွဲ(က)အရ ခွင့်ပြုချက် ရရှိပါက တရားရုံးသည် အဆိုပါ ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရမည်။ (ဃ)ပုဒ်မခွဲ (က)အရ တရားရုံးက အတည်ပြုဆောင်ရွက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းအတွက် တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခွင့်မရှိစေရ။

ရှင်းလင်းချက် ဤပုဒ်မတွင်ရည်ညွှန်းသည့်ကြားဖြတ်ဆုံးဖြတ်ချက်ဆိုရာတွင် အနုညာတခုံရုံး၏ အမိန့် သို့မဟုတ် ညွှန်ကြားချက်လည်း ပါဝင်သည်လို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၃၀ ပုဒ်မခွဲ (က)ကိုတော့ နိုင်ငံတော်အတွင်း၌ဖြစ်သည့်အခါ၊ ပုဒ်မခွဲငယ် (၁)မှာတော့ နိုင်ငံတော်၏သက်ဆိုင်ရာ တည်ဆဲပြဋ္ဌာန်းဥပဒေ၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲငယ်စိတ် (ကက)မှာတော့ အငြင်းပွားသူများက သဘောတူ ရွေးချယ်သတ်မှတ်ထားသည့်ဥပဒေ၊ ပုဒ်မခွဲငယ်စိတ် (ခခ)မှာတော့ အငြင်းပွားသူများက အခြားနည်းသဘောတူထားခြင်းမရှိလျှင် ရွေးချယ်သတ်မှတ်ထားသော နိုင်ငံ

တစ်နိုင်ငံ၏ဥပဒေ သို့မဟုတ် ဥပဒေစနစ်သည် ထိုနိုင်ငံ၏ သက်ဆိုင်ရာပြဋ္ဌာန်းဥပဒေကို တိုက်ရိုက်ရည်ညွှန်းခြင်းဖြစ်သည်ဟုမှတ်ယူရမည်။ ထိုနိုင်ငံ၏ ဥပဒေအချင်းချင်း ပဋိပက္ခ ဖြစ်မှုဆိုင်ရာ နည်းဥပဒေများကို ရည်ညွှန်းခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမပြုရ။ အပိုဒ်ခွဲ(ခ)မှာတော့ အငြင်းပွား သူများက အနုညာတခုံရုံးအား အတိအလင်းအခွင့်အာဏာ ပေးအပ်ခြင်းခံရပါက အနုညာတ ခုံရုံးသည် တရားမျှတမှု၊ သာတူညီမျှမှု၊ စိတ်ရင်းကောင်းထားမှုတို့ဖြင့် အငြင်းပွားမှုကို ဆုံးဖြတ်ပေးရမည်။ အပိုဒ်ခွဲ (ဂ) မှာတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာကိစ္စများ၌၊ အပိုဒ်ခွဲ (ခ)မှာတော့ ခုံသမာဓိနာယက ကဆိုတဲ့ စကားရပ်တွေကို အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

အပိုဒ် ၃၃၊ အပိုဒ်ခွဲ (က)မှာတော့ ခုံသမာဓိ၊ အပိုဒ်ခွဲ (ခ)မှာတော့ ခုံသမာဓိများထဲမှ၊ အပိုဒ်ခွဲ(င)မှာတော့ ဆုံးဖြတ်ချက်မိတ္တူမှန် တစ်စောင်စီကို၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲငယ် (၂)မှာတော့ တွက်ချက်သည့်နည်းလမ်းနှင့် ပေးဆောင်ရသည့်နည်းလမ်း၊ အပိုဒ် ၃၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ် (၁)မှာ ကန့်ကွက်ခွင့် မရှိသည့်အပြင်၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၄၊ အပိုဒ်ခွဲ(က)နှင့် ဤပုဒ်မတို့အရ အနုညာတ စီရင်ဆုံးဖြတ်ချက် ပြီးဆုံးလျှင် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်ကို အထောက်အထားပြု၍ အနုညာတ ခုံရုံး၏ စီရင်ပိုင်ခွင့် ပြီးဆုံးသည်။ အပိုဒ် ၃၅၊ အပိုဒ်ခွဲ(ခ)မှာတော့ အနုညာတ ခုံရုံးသည် ပုဒ်မခွဲ(က)ပါ လျှောက်ထားတောင်းဆိုချက်အရ ဖြစ်စေ၊ မိမိ၏ စိစစ်တွေ့ရှိချက်အရဖြစ်စေ၊ ပုဒ်မခွဲ(က)တွင် အမှားယွင်းတစ်ခုခုကို တွေ့ရှိပါက အဆိုပါ အနုညာတ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပေးနိုင်သည်။ အဆိုပါပြင်ဆင်ချက်ကို အငြင်းပွားသူများထံ ပေးပို့ရမည်။ အပိုဒ်ခွဲ(ဃ)မှာတော့ အနုညာတခုံရုံးက အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးရမည်။။ အပိုဒ်ခွဲ(ဆ)နေရာမှာတော့ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဃ) သို့မဟုတ် ပုဒ်မခွဲ (ဆ) ဆိုတဲ့ (စ) ဆိုတဲ့ စကားရပ်တွေကို ပြင်ဆင်သင့်ပါကြောင်း တင်ပြလိုပါတယ်။

အပိုဒ် ၃၆ ရဲ့ အစုခေါင်းစဉ်ကိုတော့ အနုညာတ စီရင်ဆုံးဖြတ်ချက်ရဲ့ အကျိုးသက်ရောက်မှုလို့ ပြင်ဆင်သင့်ပါတယ်။ ၃၆ မှာ ဖော်ပြထားတဲ့စကားရပ်တွေအစားကတော့ သဘောတူချက်အရ ချမှတ်သည့် အနုညာတ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည့် အပြင်လို့ ပြင်ဆင်သင့်ပါတယ်။ အခန်း ၈ ခေါင်းစဉ်ကိုတော့ ပြည်တွင်းအနုညာတဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်းသည့် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများလို့ ပြင်ဆင်ပြီးတော့ အခန်း ၉ ခေါင်းစဉ်အဖြစ် ပြောင်းလဲသင့်ပါတယ်။ အပိုဒ် ၃၇၊ အစုခေါင်းစဉ်ကိုတော့ တရားရုံးက ဥပဒေပြဿနာအပေါ် ပမာဏ ဆုံးဖြတ်ခြင်း၊ အပိုဒ် ၃၇၊ အပိုဒ်ခွဲ(က)မှာ ဥပဒေပြဿနာအပေါ် ပမာဏဆုံးဖြတ်ချက် ချမှတ်နိုင်သည်။ အပိုဒ်ခွဲ(ခ)မှာတော့ ကုန်ကျစရိတ် ပိုမိုကျသင့်စေပြီး အမှုကို နှောင့်နှေးကြန့်ကြာစေမည်ဟု တရားရုံးက တွေ့ရှိရပါကဆိုတဲ့ စကားရပ်၊ အပိုဒ်ခွဲ(ဂ)မှာတော့ ပုဒ်မခွဲ(က)ပါ လျှောက်လွှာတွင် ဆုံးဖြတ်ချက် ချမှတ်ရမည့်ဥပဒေပြဿနာကို ဆိုတဲ့ စကားရပ်၊ အပိုဒ် ၃၈၊ အပိုဒ်ခွဲ(ခ)မှာတော့ အတည်မပြုရဆိုတဲ့ စကားရပ်၊ အပိုဒ်ခွဲ(ဂ)မှာ အတည်ပြုဆောင်ရွက်ခြင်း၊ အပိုဒ် ၃၉၊ အပိုဒ်ခွဲ(က)မှာတော့ တရားရုံးသည် အငြင်းပွားသူတစ်ဦးက ပြည်တွင်းအနုညာတ ဆုံးဖြတ်ချက်ကို ၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)မှာတော့ အငြင်းပွားသူ တစ်ဦးသည် ဤဥပဒေအရ၊ အပိုဒ်ခွဲငယ် (၂)မှာတော့ နိုင်ငံတော်၏၊ အပိုဒ်ခွဲငယ် (၄)နဲ့ (၅) မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစားကိုတော့ ၄၁ (က)၊ (၄) အနုညာတခုံရုံးသည် အနုညာတ စီရင်ဆုံးဖြတ်ချက်ရန် တင်သွင်းသည့် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ အနုညာတသဘောတူညီချက်တွင် သတ်မှတ်ဖော်ပြ ထားသည့် စည်းကမ်းချက် များနှင့်အညီ စီရင်သုံးသပ်မှုမပြုဘဲ ချမှတ်ခဲ့သော ဆုံးဖြတ်ချက် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်ဘောင်အတွင်း ကျရောက်ခြင်း

မရှိသော ဆုံးဖြတ်ချက် သို့မဟုတ် အနုညာတ စီရင်ဆုံးဖြတ်ခြင်းနှင့် အကျုံးမဝင်သော ကိစ္စရပ်များ အပေါ် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ ပါဝင်နေခြင်း၊ ခြွင်းချက် အနုညာတ စီရင်ဆုံးဖြတ်ချက်ရန် တင်သွင်းသောကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်များထဲမှ အနုညာတ စီရင်ဆုံးဖြတ်ချက်နှင့် အကျုံးမဝင်သော ကိစ္စရပ်များ အပေါ် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို ခွဲခြားဖယ်ထုတ်နိုင်လျှင် အနုညတ စီရင်ဆုံးဖြတ်ခြင်းရန် မတင်သွင်းသောကိစ္စရပ်များအပေါ် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ရဲ့ အစိတ်အပိုင်းကို ပယ်ဖျက်နိုင်သည်။ ၅။ အနုညာတခုံရုံးဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတ စစ်ဆေး စီရင်ခြင်းသည် အငြင်းပွားသူများနှင့် သဘောတူညီချက်နှင့်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက် နှင့်လည်းကောင်း ကိုက်ညီမှုမရှိခြင်း၊ ဒီနေရာမှာလည်း ခြွင်းချက်ပေးထားပါတယ်။ ခြွင်းချက် ၊ အဆိုပါ သဘောတူညီချက်သည် အငြင်းပွားသူများက လျှော့ပေါ့ခွင့်မရှိသော ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင် ကွဲလွဲမှုမရှိစေရဟု ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

အပိုဒ် ၃၉ မှာ ဖော်ပြထားတဲ့ စကားရပ်တွေနေရာမှာတော့ ပုဒ်မ ၃၇ အရ အနုညာတ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့်လျှောက်ထားမှုကို၊ အပိုဒ်ခွဲ(ဂ)သင့်လျော်သည်ဟု ယူဆပါက တရားရုံး ၏ စစ်ဆေးစီရင်မှုကို ၊ အပိုဒ် ၄၂။ (က)နှင့် (ခ)အဖြစ်ကိုတော့ ၄၂ (က) တရားရုံးသည် အောက်ဖော်ပြ ပါ ကိစ္စရပ်များကို ကျေနပ်လက်ခံပါက အယူခံမှုကို ခွင့်ပြုရမည်။ ၁။ အငြင်းပွားပြသနာအပေါ် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်သည် အငြင်းပွားသူတစ်ဦး သို့မဟုတ် အငြင်းပွားသူများ၏ အခွင့် အရေးကို အဓိကထိခိုက်နစ်နာမှုရှိခြင်း၊ ၂။ ဆုံးဖြတ်ပေးရန် တင်ပြထားသည့် အငြင်းပွားပြသနာအပေါ် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်မှာ သိသာထင်ရှားစွာ မှားယွင်းနေခြင်း၊ (ခ) ဤပုဒ်မအရ အယူခံ ဝင်ရောက်ရာတွင် တရားရုံးသည် အောက်ပါအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။ ၁။ အနုညာတ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ၂။ အနုညာတ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ၃။ အနုညာတ ဆုံးဖြတ်ချက် တစ်ရပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အနုညာတခုံရုံးက ပြန်လည် စိစစ်သုံးသပ်ရန် ဆုံးဖြတ်ချက်ကို ပြန်လည်ပေးပို့ခြင်းနှင့် ၄။ ဆုံးဖြတ်ချက် တစ်ရပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပယ်ဖျက်ခြင်းလို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

အပိုဒ် ၄၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁)မှာပါတဲ့ စကားရပ်နေရာမှာတော့ ပုဒ်မ ၁၀၊ အပိုဒ်ခွဲ(စ)အရ အနုညာတ ဆုံးဖြတ်မှုခံယူ၍ လွှဲအပ်ရန် ငြင်းပယ်သောအမိန့်၊ အပိုဒ် ၄၁၊ အပိုဒ်ခွဲ (က)မှာတော့ အငြင်းပွားသူတစ်ဦးသည် အနုညာတခုံရုံးနှင့် တစ်ဖက်အငြင်းပွားသူများထံ အကြောင်း ကြားစာပေးပို့လျက် အနုညာတစစ်ဆေးစီရင်မှုတွင် အနုညာတခုံရုံးက ချမှတ်သောဆုံးဖြတ်ချက်မှ ပေါ်ပေါက်လာသည့် ဥပဒေ၊ ပြသနာအပေါ် အငြင်းပွားသူ တစ်ဦးဦးက အနုညာတ ခုံရုံးသို့ အယူခံ ဝင်ရောက်နိုင်သည်။

အပိုဒ်ခွဲ(ခ)မှာတော့ ပုဒ်မခွဲ(က)အရ အနုညာတ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ရောက်ရှိ သည်။ သို့ရာတွင် အငြင်းပွားသူများက အယူခံဝင်ရောက်ခြင်း မပြုရန် စာဖြင့်ရေးသားထားသော သဘောတူညီချက် ရှိပါက ဤပုဒ်မအရ တရားရုံးသို့ အယူခံဝင်ရောက်ခွင့် မရှိစေရ။ အပိုဒ်ခွဲ(ဃ) မှာတော့ တစ်ဖက်အငြင်းပွားသူ၏ သဘောတူညီချက်၊ အပိုဒ်ခွဲ(ဆ)မှာတော့ အကြောင်းပြချက် အားလုံးကို စတဲ့စကားရပ်တွေနဲ့ အသီးသီးပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

အပိုဒ် ၄၂ ရဲ့ အစုခေါင်းစဉ်ကိုတော့ ပြည်တွင်းအနုညာတ ဆုံးဖြတ်ချက်အပေါ် အယူခံတရားရုံးအမိန့်၏ အကျိုးသက်ရောက်မှုလို့ ပြင်ဆင်သင့်ပါတယ်။ အပိုဒ် ၄၄ ကိုတော့ အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ပါတယ်။ အပိုဒ် ၄၄ အယူခံတရားရုံးသည် ပုဒ်မ ၄၂၊ ပုဒ်မခွဲ(ခ) အရ အနုညာတဆုံးဖြတ်ချက်နှင့် စပ်လျဉ်း ၍ အမိန့်ချမှတ်ရာတွင် (က) အနုညာတ ဆုံးဖြတ်ချက်ကို ပြင်ဆင်၍ချမှတ်ပါက အဆိုပါ ပြင်ဆင် ဆုံးဖြတ်ချက်သည် အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်း အဖြစ် အကျိုးသက်ရောက်စေရမည်။ (ခ) အနုညာတခုံရုံး၏ ဆုံးဖြတ်ချက် တစ်ရပ်လုံးဖြစ်စေ၊ ဆုံးဖြတ်ချက် တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြန်လည်စိစစ်သုံးသပ်ရန်အတွက် တရားရုံးကလွှဲအပ်သော အမိန့်ချမှတ်သည့်အခါ အနုညာတခုံရုံး သည် အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို ပြန်လည်စိစစ် သုံးသပ်၍ ဆုံးဖြတ်ရမည်။ (ဂ) အနုညာတခုံရုံးက ထိုသို့ ပြန်လည် စိစစ်သုံးသပ်ချက်ကို ချမှတ်ရန် သင့်လျော်သည့် အချိန် ကာလကို သတ်မှတ်ပေးနိုင်သည်လို့ ပြင်ဆင်သင့်ပါတယ်။

အခန်း ၁၁ ခေါင်းစဉ်မှာ ဖော်ပြထားတဲ့ စကားရပ်တွေနေရာမှာတော့ နိုင်ငံခြား အနုညာတ ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်း၊ အပိုဒ် ၄၅၊ အစုခေါင်းစဉ် အဖြစ်တော့ နိုင်ငံခြား အနုညာတ ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက် ရာတွင် တင်ပြရမည့်အချက်များ၊ အပိုဒ် ၅၁၊ အပိုဒ်ခွဲ(က)မှာတော့ အသိအမှတ်ပြုရန် သို့မဟုတ် အတည်ပြုပေးရန်၊ အပိုဒ်ခွဲငယ် (၁)မှာ ဆုံးဖြတ်ချက် တာဝန်ခံ မိတ္တူတစ်စောင်၊ အပိုဒ်ခွဲ(ခ)မှာတော့ နိုင်ငံခြားဘာသာဖြင့် အပိုဒ် ဆိုတဲ့ စကားရပ်တွေနဲ့ အသီးသီး ပြင်ဆင်သင့်ပါတယ်။ အပိုဒ် ၄၆၊ အစုခေါင်းစဉ်ကိုတော့ နိုင်ငံခြား အနုညာတ ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြု ဆောင်ရွက်ခြင်းလို့ ပြင်ဆင်သင့်ပါတယ်။ အပိုဒ်ခွဲ(က)ကိုတော့ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ(ဂ)တို့ပါ အချက်များအရ နိုင်ငံခြား အနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုပေးရန်နှင့် အတည်ပြုပေးရန် ငြင်းပယ်ခြင်းမှတစ်ပါး တရားရုံးသည် နိုင်ငံခြား အနုညာတ ဆုံးဖြတ်ချက်ကို တရားရုံး၏ဒီဂရီ ဖြစ်သည်ဟု မှတ်ယူ၍ အတည်ပြု ဆောင်ရွက်ရမည်။ အပိုဒ်ခွဲ(ခ)ကိုတော့ နိုင်ငံခြား အနုညာတ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို အသိအမှတ်ပြုရန် သို့မဟုတ် အတည်ပြုပေးရန် လျှောက်ထားခြင်း ခံရသူက အောက်ပါအချက် တစ်ရပ်ရပ်ကို သက်သေပြနိုင်လျှင် တရားရုံးသည် နိုင်ငံခြား အနုညာတ ဆုံးဖြတ်ချက်ကို အသိအမှတ်ပြုပေးရန် အတည်ပြုဆောင်ရွက်ရန် ငြင်းဆိုနိုင်တယ်လို့ ဒီလိုပြင်ဆင်သင့် ကြောင်း တင်ပြလိုပါတယ်။

ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၁)မှာ ဖော်ပြထားတဲ့ စကားရပ်တွေနေရာမှာတော့ အနုညာတ သဘောတူညီချက်တွင် ပါဝင်သူတို့သည် ၎င်းတို့လိုက်နာရမည့်ဥပဒေအရ ဆောင်ရွက်နိုင်စွမ်း မရှိ သောအခြေအနေသို့ ရောက်ရှိနေခြင်း၊ အပိုဒ်ခွဲငယ်(၂)မှာတော့ အနုညာတ သဘောတူညီချက်တွင် ၎င်းတို့လိုက်နာရမည့် ဥပဒေအရ တရားမဝင်ခြင်း သို့မဟုတ် အဆိုပါ သဘောတူညီချက်တွင် ၎င်းတို့ လိုက်နာရမည့်ဥပဒေကို သတ်မှတ်ဖော်ပြထားခြင်း မရှိသည့်အတွက် အနုညာတဆုံးဖြတ်ချက် ချမှတ် ရာတွင် နိုင်ငံ၏ဥပဒေအရ တရားမဝင်ခြင်း ဒီလိုစကားရပ်တွေနဲ့ ပြင်ဆင်သင့်ပါတယ်။ အပိုဒ်ခွဲငယ် (၅)မှာတော့ အနုညာတခုံရုံး ဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတစစ်ဆေးစီရင်သည့် လုပ်ထုံးလုပ်နည်း သည် အငြင်းပွားသူတို့၏ သဘောတူညီချက်တို့နှင့် ကိုက်ညီမှုမရှိခြင်း သို့မဟုတ် ထိုသဘော တူညီချက်တွင် အဆိုပါအချက်များနှင့် စပ်လျဉ်းသည့် မည်သို့မျှ ဖော်ပြထားခြင်း မရှိပါက အနုညာတ စီရင်ဆုံးဖြတ်ရာ နိုင်ငံ၏ဥပဒေနှင့် ကိုက်ညီမှုမရှိခြင်း၊ အပိုဒ်ခွဲငယ် (၆)မှာတော့ အနုညာတ ဆုံးဖြတ်

ချက်သည် လျှောက်ထားသူများအပေါ် စည်းနှောင်မှု မရှိသေးခြင်း၊ အနုညာတဆုံးဖြတ်ချက် ချမှတ်ရာ နိုင်ငံ၏ အခွင့်ရအာဏာပိုင်က အနုညာတ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီးဖြစ်ခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်းလို့ ပြင်ဆင်သင့်ပါတယ်။

အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ်(၁)ကိုတော့ နိုင်ငံတော် ဆိုပြီးတော့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ်ခွဲငယ် (ဃ)ကို အခွင့်ရအာဏာပိုင်ထံ၊ အပိုဒ် ၄၇ ရဲ့ ခြေဆင်းမှာတော့ အငြင်းပွားသူ တစ်ဦးဦးသည်၊ အပိုဒ်ခွဲ(က)မှာ စီရင်ပိုင်ခွင့်ရှိသော၊ အပိုဒ်ခွဲငယ် (၁)မှာတော့ ခံယူစေရန် လွှဲအပ်ခြင်းကိုစတဲ့ စကားရပ်တွေဖြင့် အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥပဒေကြမ်းရဲ့ အခန်း(၁၀) ခေါင်းစဉ်ကို အခန်း(၁၂)လို့ ပြောင်းလဲအမှတ်စဉ်ပြီးတော့ အထွေထွေလို့ ရိုးရိုးရှင်းရှင်း ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်။ အပိုဒ် ၄၃၊ အပိုဒ်ခွဲ (က)မှာတော့ နယူးယောက်ကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံ၏ ဆိုတဲ့ စကားရပ်နှင့် ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၄၅၊ အပိုဒ်ခွဲ(က)မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစားကိုတော့ အနုညာတခုံရုံးသည် အနုညာတ ခုံရုံးသို့ တင်သွင်းသော တောင်းဆိုမှုနှင့် စပ်လျဉ်း၍ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (စ)တွင် ရည်ညွှန်းထားသော ကုန်ကျစရိတ်များအတွက် ထိုက်သင့်သည်ဟု မှန်းဆသောငွေကို ကြိုတင်ပေးသွင်းစေရန် အာမခံချက်ငွေ သို့မဟုတ် အပိုဆောင်းငွေ အာမခံငွေ ပမာဏကို သတ်မှတ်နိုင်သည်။ သို့ရာတွင် တောင်းဆိုမှုအပြင် အပြန်အလှန် တောင်းဆိုမှုကို အနုညာတ ခုံရုံးသို့ တင်သွင်းတောင်းဆိုထားလျှင် ထိုသို့တောင်းဆိုမှုနှင့် အပြန်အလှန် တောင်းဆိုမှုအတွက် သီးခြားအာမခံငွေများကို ပေးသွင်းစေရန် သတ်မှတ်ပေးနိုင်တယ်လို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

အပိုဒ်ခွဲ(ခ)မှာတော့ ဆုံးဖြတ်မှုကို ဆိုင်းငံ့ထားနိုင်သည်။ အပိုဒ်ခွဲ (ဂ)မှာတော့ အနုညာတစီရင်ဆုံးဖြတ်မှုကို ရပ်စဲလျှင် အနုညာတခုံရုံးသည် လက်ခံရရှိသော အာမခံငွေနှင့် ပတ်သက်သည့် စာရင်း ရှင်းလင်းချက်ကို အငြင်းပွားသူများထံ ပေးပို့ရမည့်အပြင် ခုံရုံးကုန်ကျစရိတ်နုတ်ပြီး မသုံးစွဲရသေးသော လက်ကျန်ငွေကို ပြန်အမ်းရမည်။ အပိုဒ် ၄၆ ရဲ့ အပိုဒ်ခွဲ(က)မှာတော့ ရထိုက်ခွင့်ရှိစေရမည်။ အပိုဒ်ခွဲ(ခ)မှာတော့ အနုညာတခုံရုံးသို့ပေးရန် ရှိသည့် စရိတ်ကို အငြင်းပွားသူတစ်ဦးဦးက ပေးရန် ငြင်းဆိုသဖြင့် အနုညာတခုံရုံးက အနုညာတဆုံးဖြတ်ချက် ချမှတ်ပေးခြင်း မပြုသည့်အတွက် တစ်ဖက်အငြင်းပွားသူတစ်ဦးက တရားရုံးသို့ လျှောက်ထားရာတွင် တရားရုံးသည် လိုအပ်သလို စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီး သင့်လျော်သည်ဟု ယူဆသော စရိတ်ငွေကို အနုညာတခုံရုံးသို့ ပေးရန်တာဝန်ရှိသူက ပေးသွင်းစေရန် နှင့် အနုညာတခုံရုံးက အနုညာတ ဆုံးဖြတ်ချက်ကို ချမှတ်ပေးစေရန် အမိန့်ချမှတ်နိုင်သည်ဆိုတဲ့ စကားရပ်တွေနဲ့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

အပိုဒ်ခွဲ(ဂ)ကိုတော့ တောင်းဆိုသော ကုန်ကျစရိတ်ငွေနှင့် စပ်လျဉ်း၍ အငြင်းပွားသူနှင့် အနုညာတခုံရုံးကြား စာဖြင့်ရေးသားထားသည့် သဘောတူညီချက်မရှိလျှင် ပုဒ်မခွဲ (ခ)အရ လျှောက်ထားမှုကို အငြင်းပွားသူ တစ်ဦးဦးက ပြုလုပ်နိုင်သည်။ အပိုဒ်ခွဲ (ဃ)မှာတော့ ပြဿနာပေါ်ပေါက်လျှင် သို့မဟုတ် လုံလောက်သော ဖော်ပြချက်မပါရှိလျှင်၊ အပိုဒ် ၄၇၊ အပိုဒ်ခွဲ(က)မှာတော့ ကိုယ်စားလှယ်အပေါ်ဖြစ်စေ၊ အပိုဒ် ၄၈မှာတော့ မည်သို့ပင် ပြဋ္ဌာန်းထားခြင်း ရှိစေကာမူ၊ အပိုဒ် ၄၉၊ အပိုဒ်ခွဲ(က)မှာတော့ ကာလစည်းကမ်းသတ် အက်ဥပဒေတွင် ၁၉၄၄ ခုနှစ်၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်း အက်ဥပဒေကို ရည်ညွှန်းထားသောအပိုဒ်များသည် ဤအက်ဥပဒေကို ရည်ညွှန်းဘိသကဲ့သို့

မှတ်ယူရမည်။ အပိုဒ် ၅၈ မှာတော့ စာတမ်းအမှတ်သာ ဆိုတဲ့ စကားရပ်တွေကို ကျွန်တော်တို့ အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေးစားစွာ တင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၂)၊ ရှင်းလင်းချက်၊ အပိုဒ် ၂၈၊ အပိုဒ်ခွဲ(ဃ)၊ ရှင်းလင်းချက်၊ အပိုဒ် ၃၇၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၄၄ ရဲ့ အစုခေါင်းစဉ်၊ အပိုဒ် ၄၇၊ အစုခေါင်းစဉ် အပိုဒ် ၄၇၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၈ ရဲ့ အစုခေါင်းစဉ်၊ အပိုဒ် ၄၉၊ အစုခေါင်းစဉ် အပိုဒ် ၄၉၊ အပိုဒ်ခွဲ (ခ)၊ အခန်း(၁၂)ရဲ့ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၆ ရဲ့ အစုခေါင်းစဉ်၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈ ရဲ့ အစုခေါင်းစဉ်၊ အပိုဒ် ၅၉၊ အစုခေါင်းစဉ် တို့ကိုတော့ မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရကြောင်းကို တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ ပြဋ္ဌာန်းချက်များရဲ့ အနှစ်သာရကို မပြောင်းလဲစေဘဲ မြန်မာစာ သတ်ပုံနှင့် ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ပြင်ဆင်သင့်သည်များကို အစားထိုးပြီး ဖြစ်ပါကြောင်းနှင့် ပြောင်းလဲသွားသည့် အပိုဒ်များ၊ အပိုဒ်ခွဲများနှင့် အခန်းများကိုလည်း ပြန်လည်စိစစ်ထားပါကြောင်း တင်ပြအပ်ပါတယ်။

ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါမယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီသည် အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးတော့ ပြင်ဆင်ဖြည့်စွက်ထားပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂:၁၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၀-၈-၂၀၁၅ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၂း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပြည်ထဲရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၁။**

**ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပြည်ထဲရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲထားတဲ့ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းလို့ အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားနိုင်ပါရန် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က အဆို တင်သွင်းမှာ ဖြစ်ပါတယ်။

၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ ပပျောက်ရေး အက်ဥပဒေအား ၁၉၄၉ ခုနှစ်၊ ဧပြီလ ၂၁ ရက် နေ့မှာ အက်ဥပဒေအမှတ်၊ ၂၄/၁၉၄၉ ဖြင့် ပြဋ္ဌာန်းခဲ့ပြီးတော့ ပုဒ်မ (၁၈)ခု ပါဝင်ပါတယ်။ အဆိုပါ ပြည့်တန်ဆာ ပပျောက်ရေးအက်ဥပဒေအား ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှာ အက်ဥပဒေအမှတ်၊ ၁၉/၁၉၅၆ ဖြင့် ၁၉၅၆ ခုနှစ်၊ ပြည့်တန်ဆာ ပပျောက်ရေး ပြင်ဆင်ချက် အက်ဥပဒေအမည်ဖြင့် လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၇/၁၉၉၈ ဖြင့် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွက်ရေး အက်ဥပဒေကို ပြင်ဆင် သည့်ဥပဒေအမည်ဖြင့်လည်းကောင်း နှစ်ကြိမ် ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။

အဲဒီလိုပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းခဲ့သော်လည်းပဲ လွှတ်တော်ကော်မတီအသီးသီးရဲ့ လေ့လာ တွေ့ရှိချက်များအရ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေ ပြဋ္ဌာန်းချက်ပါ ကာလသားရောဂါ ဆိုသည့် စကားရပ်အား အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ထပ်မံတွေ့ရှိရသည့် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ဖြည့်စွက်ပြင်ဆင်ရန် လိုအပ်ခြင်း၊ လက်ရှိ ခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှုမရှိတဲ့ ဥပဒေ၊ စကားရပ်၊ အသုံးအနှုန်းများ နှင့် ပြစ်ဒဏ်သတ်မှတ်ချက်များ ပြင်ဆင်ရန် လိုအပ်ခြင်း၊ ကျန်းမာရေးဆိုင်ရာရှုထောင့်၊ လူ့အခွင့်အရေးဆိုင်ရာ ရှုထောင့်များနှင့် ချိန်ညှိပြင်ဆင်ရန် လိုအပ်ခြင်းတို့ကြောင့် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ရေးဆွဲရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှုရှိသော ဥပဒေစကားရပ် အသုံးအနှုန်းများ၊ ပြစ်ဒဏ်သတ်မှတ်ချက်များ၊ ကျန်းမာရေးဆိုင်ရာရှုထောင့်၊ လူ့အခွင့်အရေးဆိုင်ရာ ရှုထောင့်များနှင့် လိုက်လျောညီထွေမှုရှိအောင် ချိန်ညှိပြင်ဆင်ရေးဆွဲထားသော ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး

အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၁၄။**

**ဦးဥာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကျွန်တော် ဦးဥာဏ်လင်း က ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ**။ ။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့သဘောထား ရယူမှာဖြစ်ပါတယ်။

၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ ရှိတဲ့အတွက် စက်ခလုတ်အသုံးပြုပြီးတော့ လျှို့ဝှက်ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ထောက်ခံလျှင် လက်ခံဆွေးနွေးမှာဖြစ်ပြီးတော့ ကန့်ကွက်များလို့ရှိရင်တော့ လက်ခံဆွေးနွေးခြင်း မပြုမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ (၁၄၆)၊ ကန့်ကွက် (၄)၊ ကြားနေ (၃)မဲတို့ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲ များတဲ့အတွက် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ။** ။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီ က ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၆။**

**ဦးဝင်းနိုင်ရှိန်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးဝင်းနိုင်ရှိန် က ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုလွှတ်တော်က ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ပါရန် ၂၉-၆-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၀-၇-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံပြီး ဆွေးနွေး ညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ဥပဒေကြမ်း၏ အပိုဒ် ၂ ကို အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၂။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)နှင့်ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)ကို ခန့်ထားသည့်ဆရာဝန်ဆိုသည်မှာ ဤအက်ဥပဒေအလို့ငှာ ကျန်းမာရေးဝန်ကြီးဌာနက ခန့်ထားသည့် ဆရာဝန်ကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါဆိုသည်မှာ ကာလသားရောဂါ၊ ဆစ်ဖလစ်နာ၊ ဂနိုရီယာ(ခ) ညောင်းကျနာ၊ ရှံကာအပြော့နာနှင့် အခြားလိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်တတ်သော ရောဂါတို့ကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဥပဒေကြမ်း အပိုဒ် ၃ ကို အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၃။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ပုဒ်မ ၄ တွင် ပါရှိသော ရဲအုပ်အောက်အဆင့်အတန်းမနိမ့်သော ရဲအရာရှိ ဆိုသည့်စကားရပ်ကို ဒုတိယရဲအုပ်မှအထက်အဆင့်ရှိသော ရဲအရာရှိများဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) မူလဥပဒေကြမ်း အပိုဒ် ၄ နှင့် အပိုဒ် ၅ တွင်ပါရှိသော ကြိမ်ဒဏ်လည်းစီရင်နိုင်စေရမည်ဟူသော စကားရပ်ကို ပယ်ဖျက်၍ အလုပ်ကြမ်းနှင့် သုံးနှစ်အထိ ထောင်ဒဏ်လည်း စီရင်နိုင်စေရမည်ဟူသော မူလဥပဒေပါစကားရပ်အတိုင်း ထားရှိသင့်ပါသည်။

(ဃ) မူလဥပဒေကြမ်း အပိုဒ် ၆၊ အပိုဒ်ခွဲ(က) တွင်ပါရှိသော တစ်နှစ်ထက်မနည်း သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည် ဆိုသည့်စကားရပ်ကို တစ်နှစ်အောက်မနည်း သုံးနှစ်ထက်မပိုသော ထောင်ဒဏ်စီရင်နိုင်စေရမည် ဟုလည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ(ခ) တွင်ပါရှိသော တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်အပြင် (၁၀၀၀၀၀)ကျပ်ထက်မပိုသော ငွေဒဏ်လည်းချမှတ်နိုင်သည် ဆိုသည့်စကားရပ်ကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်နိုင်စေရမည့်အပြင် ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်လည်းချမှတ်နိုင်စေရမည် ဟုပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ဥပဒေကြမ်းအပိုဒ် ၇ ကို အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၇။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲ(၃)၊ ပုဒ်မခွဲငယ်(က)နှင့်(ခ)တို့တွင်ပါရှိသော ခန့်ထားသည့် ဆေးဆရာ၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(၃)တွင်ပါရှိသော ဆေးဆရာဆိုသည့် စကားရပ်များနှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(၆)တွင်ပါရှိသော စာရင်းဝင်ဆေးဆရာဆိုသည့် စကားရပ်များအစား ခန့်ထားသည့် ဆရာဝန် ဆိုသည့် စကားရပ်ဖြင့်

လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲ(၄)၊ ပုဒ်မခွဲ(၅)၊ ပုဒ်မခွဲ(၆)၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ တို့တွင်ပါရှိသော ရာဇဝတ်တရားသူကြီး ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(၂)နှင့် ပုဒ်မခွဲ(၆)တို့ပါ ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးနှင့် အထူးအာဏာလွှဲအပ်ခြင်းခံရသော ပထမတန်းရာဇဝတ်တရားသူကြီးဆိုသည့် စကားရပ်နှင့် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၁) တို့တွင်ပါရှိသော ဒုတိယတန်းအာဏာရရာဇဝတ်တရားသူကြီး ဆိုသည့်စကားရပ်များအစား မြို့နယ်တရားသူကြီး သို့မဟုတ် အခြားစီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးများ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၃)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၆) တို့တွင်ပါရှိသော ကာလသားရောဂါ ဆိုသည့်စကားရပ်အစား လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(စ) မြန်မာစာစာလုံးပေါင်းသတ်ပုံနှင့် အရေးအသား အသုံးအနှုန်းမှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှု ရှိစေရန်အတွက်လည်းကောင်း ပြင်ဆင်ခဲ့သဖြင့် ပြောင်းလဲသွားသည့် အမှတ်စဉ်များအတိုင်း လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ (က) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေးအက်ဥပဒေ ဆိုသည့် ဥပဒေခေါင်းစဉ်အစား ပြည့်တန်ဆာ ထိန်းသိမ်းရေးဥပဒေ သို့မဟုတ် အခြားသင့်လျော်သော ဥပဒေအမည်တစ်ခုဖြင့် အစားထိုးပြင်ဆင်ရန်၊ ပြည့်တန်ဆာများကိုသာ အရေးယူအပြစ်ပေးခြင်း မဟုတ်ဘဲ ပြည့်တန်ဆာများနှင့် လိင်ကိစ္စပျော်ပါးသူများကိုလည်း အရေးယူအပြစ်ပေး သင့်ကြောင်းနှင့် ပြည့်တန်ဆာများကိုပညာပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပါ ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။ ထို့ပြင် ဤဥပဒေပါပြစ်မှုနှင့် ပြစ်ဒဏ်များကိုလည်း ခေတ်ကာလနှင့် ညီညွတ်မှုရှိစေရန်အတွက်လည်း ထည့်သွင်းပြင်ဆင်သင့်ကြောင်း အကြံပြု ဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဆွေးနွေးချက်နှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ အပြန်အလှန် ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း သုံးသပ်ရရှိပါသည်။

(ခ) သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၄၉ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု

ရှေ့နေချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ**။ ။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၄-၇-၂၀၁၅ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်း နိုင်ပါတယ်။

**ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၃။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ကျွန်မ ဒေါက်တာသိန်းသိန်းဌေး မှ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသို့ ပြင်ဆင်ချက်ဖြင့် တင်သွင်းထားသော သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းမှာဖြစ်ပါတယ်ရှင်။

ကျန်းမာရေးဝန်ကြီးဌာနက ကျင့်သုံးဆောင်ရွက်လျက်ရှိသော တည်ဆဲဥပဒေများအနက် ၂၉-၁-၂၀၀၃ ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁/၂၀၀၃ ဖြင့် ပြဋ္ဌာန်းထားခဲ့သည့် သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေအား ခေတ်နှင့် လိုက်လျောညီထွေမှု ရှိစေရန် သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား

အတည်ပြု ပေးနိုင်ပါရန် ၂၅-၆-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၁၃/၂၀၁၅ သို့ တင်ပြခဲ့ရာ သဘောတူခွင့်ပြုပြီး ဖြစ်ပါတယ်။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေး လိုအပ်သည်များကို ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၏ ၂၅-၆-၂၀၁၅ ရက်စွဲပါ စာအမှတ် နဲ့ ပြည်ထောင်စု လွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပါတယ်။

အဆိုပါ ဥပဒေမူကြမ်းနဲ့ စပ်လျဉ်း၍ ၂၀-၇-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ကုသရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တို့မှ ရှင်းလင်းဆွေးနွေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက်များနဲ့ ပတ်သက်၍ အများပြည်သူ ပိုမိုရှင်းလင်းစွာ သိရှိနိုင်စေရန် သွေးသွင်းကုသခြင်းလုပ်ငန်းသည် စနစ်တကျ ဆောင်ရွက်ခြင်းမရှိပါက အန္တရာယ်အလွန်များသော လုပ်ငန်းဖြစ်၍ သေချာစွာ ထိန်းသိမ်း ကွပ်ကဲနိုင်ရန်နှင့် အထောက်အကူဖြစ်စေရန်အတွက် ဥပဒေအား ပြင်ဆင်ရေးဆွဲ တင်ပြရခြင်းဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၂း၂၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၂၆။**

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက သွေးနှင့်သွေးပစ္စည်းများ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင် သွင်းခြင်းကို မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်ရီရီမြင့် က ထောက်ခံအပ်ပါတယ်ရှင်။

**အချိန်၊ ၁၂း၂၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သွေးနှင့် သွေးပစ္စည်းများ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၂၇။**

**ဥက္ကဋ္ဌ။** ။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် သွေးနှင့်သွေးပစ္စည်းများ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၂၇။**

**ဥက္ကဋ္ဌ။** ။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၇။**

**ဒေါက်တာမြတ်ဉာဏစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး က ဆက်လက် တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ဖို့အတွက် ၂၉-၆-၂၀၁၅ တုန်းက ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က ပေးပို့လာတာဖြစ်ပါတယ်။ ခုနက ဒုတိယဝန်ကြီး တင်ပြသွားတဲ့အတိုင်းပါပဲ၊ ကျွန်တော်တို့ ဇွန်လ(၂၀)ရက်နေ့မှာတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင်က ပညာရှင်တွေနဲ့ ကျွန်တော်တို့ အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်များကို တင်ပြပါမယ်။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအချက်များကို တွေ့ရှိရပါတယ် -

(က) မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ) နှင့် ပုဒ်မ ၁၉ တို့တွင်ပါရှိတဲ့ သွေးဘဏ်ငယ်ဆိုသည့် စကားရပ်ကို သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ် ဆိုသည့်စကားရပ်ဖြင့် အစားထိုးခြင်း၊ မူလဥပဒေ ပုဒ်မ ၁၀ ကို အစားထိုးခြင်း၊ မူလဥပဒေ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂

တို့တွင်ပါရှိသော အဖွဲ့အစည်း သို့မဟုတ် ဆိုသည့် စကားရပ်ကို ပယ်ဖျက်ခြင်းတို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ခ) မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ပ)မှာပါရှိတဲ့ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ဆိုသည့် စကားရပ်တွေကိုတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ကိုက်ညီမှုရှိစေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ်ဆိုတဲ့ စကားရပ်နဲ့ အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဂ) ကြက်ခြေနီအသင်းများ၏ သွေးလှူဒါန်းခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဌ) ကို မပြင်ဆင် သင့်ဘဲ မူလဥပဒေအတိုင်းသာ ထားရှိသင့်ကြောင်းနှင့် မူလဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါ အတိုင်းအစားထိုးသင့်ကြောင်း တင်ပြလိုပါတယ်-

၂၉။ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြက်ခြေနီအသင်း တို့သည် သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ် တည်ထောင်ဖွင့်လှစ်လိုလျှင် လိုင်စင်လျှောက်ထားရန်မလိုဘဲ ကော်မတီ၏ခွင့်ပြုချက်ဖြင့် တည်ထောင်ဖွင့်လှစ်နိုင်သည်။

ကော်မတီ၏သဘောထားမှတ်ချက်ကို တင်ပြပါမယ်ခင်ဗျား။

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီးတော့ ပြင်ဆင်ဖြည့်စွက်ထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၄-၇-၂၀၁၅(သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၇၁) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၇၂) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီ အချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့ကို ၁၂း၀၃ နာရီအချိန်တွင် ရပ်နားပါသည်။]